ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး စသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ပဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် တနင်္ဂနွေနေ့။ Sunday, 31 May 2026 ၁၂၀၅၅

ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)

"လူငယ်များဘဝထက်မြက်ဖို့ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံကြပါစို့"

- ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာယဉ်ကျေးမှုနယ်မြေရှိ မဟာဗောဓိစေတီသို့ သွားရောက်ဖူးမြော်ကြည်ညိုု

နေပြည်တော် ၊ မေ ၃၀

အိန္ဒိယနိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗုဒ္ဓဂယာယဉ်ကျေးမှုနယ်မြေ မဟာဗောဓိ မဟာဝိဟာရဘုရားကျောင်းဝင်းအတွင်းရှိ မဟာဗောဓိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✷



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ၊ မေ ၃၀

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/၈လ

ယနေ့ ဖတ်စရာ

မြန်မာ့အကြီးဆုံးအိမ်ခြံမြေနှင့် ကားအရောင်းပြပွဲ၌ ပညာရှင်များ ဆွေးနွေးဟောပြောပွဲ ထည့်သွင်းကျင်းပ

စာမျက်နှာ ၃

ကမ္ဘာ့ပတ်ဝန်းကျင်နေ့နှင့် လူငယ် သိပ္ပံပညာရှင်များ

ဆောင်းပါး စာမျက်နှာ ၆

ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ အထူးဆေးကုသမှုအစီအစဉ်ဖြင့် ပြည်သူများအား အခမဲ့ဆေးကုသပေး

စာမျက်နှာ ၁၀

ငွေသားမဲ့ စီးပွားရေးအဆောက်အအုံ၏ ဘေးအန္တရာယ်

ဆောင်းပါး စာမျက်နှာ ၁၁

ပြည်တွင်းစီးပွားရေးကောင်းမွန်ရေး အလုပ်အကိုင်အခွင့်အလမ်းဖန်တီး

မြန်မာနိုင်ငံအတွင်း၌ ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်နိုင်ရန်အတွက် ရေမြေသယံဇာတနှင့်အခြေခံကောင်းများ ပိုင်ဆိုင်ထားပြီး ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်လုပ်ကိုင်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အလယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများ အားပေးမြှင့်တင်ကူညီခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ အဓိကလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကျွမ်းကျင်ပိုင်နိုင်စွာလုပ်ကိုင်နိုင်သည့် လူသားအရင်းအမြစ်များ များစွာလိုအပ်နေဆဲ ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ဒေသအလိုက်ကျွမ်းကျင်လုပ်သားများပေါ်ထွက်လာရေးအတွက် အိမ်ထောင်မှုအသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်း၊ အနိမ့်ဆုံး KG+9 ပြီးမြောက်သူများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလက်မှုအထက်တန်းကျောင်းများတွင် ပညာသင်ကြားခွင့်ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသော်လည်း ကျွမ်းကျင်လုပ်သားများ လိုအပ်လျက်ရှိနေသေးသည်မှာ အလုပ်အကိုင်အခွင့်အလမ်းများ၌ လိုအပ်ချက်များရှိနေခြင်း၊ ဆောင်ရွက်နေသည့် လုပ်ငန်းများ၌ လုပ်ခလစာ နည်းပါးခြင်းတို့ကြောင့်ဖြစ်သည်ဟု သုံးသပ်တွေ့ရှိရသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်ကြမည့် လုပ်နိုင်ကိုင်နိုင်ရှိသော အသက်အပိုင်းအခြားရှိသည့် လူဦးရေအချိုးအစားမှာ လျော့နည်းကျဆင်းလာသည်ကို တွေ့ရသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း အလုပ်သမားရှားပါးမှုပြဿနာများကို ကြုံတွေ့နေကြောင်း သိရသည်။ နယ်မြေဒေသများတွင် အလုပ်အကိုင်ရှားပါးမှုများကြောင့် အလုပ်အကိုင်ပေါများရာ မြို့ပြဒေသများသို့ ရွှေ့ပြောင်းလုပ်ကိုင်နေကြသည်ဟု ဆိုကြသည်။ တစ်ဖက်တွင် ကျွမ်းကျင်ရာလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိဘဲ အခြေအနေအရ အတည်တကျမရှိသော ကျပန်းအလုပ်များကို လုပ်ကိုင်ကြခြင်း၊ တရားမဝင် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများတွင် လုပ်ကိုင်ကြခြင်း၊ ပြည်ပနိုင်ငံများသို့သွားရောက်၍ လုပ်သားအမျိုးမျိုးအဖြစ် လုပ်ကိုင်ကြခြင်းတို့ကြောင့် နယ်မြေဒေသများတွင် လုပ်သားရှားပါးလာခြင်းဖြစ်သည်။

အဓိကအကြောင်းရင်းမှာ အလုပ်အကိုင်အခွင့်အလမ်းများရှားပါးခြင်းနှင့် ရှိသည့်အလုပ်အကိုင်များမှာလည်း လုပ်အားခနည်းပါးခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုနိုင်သည်။ အခြားအကြောင်းရင်းတစ်ခုမှာ ရေမြေသယံဇာတများကိုအခြေခံသည့် ဒေသအလိုက်ကုန်ထုတ်လုပ်ငန်းများတွင် ပြည်တွင်း၌ ငွေကြေးတတ်နိုင်သူများက ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုအားနည်းနေခြင်းဖြစ်သည်။ သို့ဖြစ်၍ ပြည်ထောင်စုအဆင့်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ တိုးတက်စေရေး၊ အလုပ်လုပ်ကိုင်နိုင်ရေးတို့အတွက် ဖန်တီးဖော်ဆောင်ပေးရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့သို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ဖြေလျော့မှုများဆောင်ရွက်ပေးသလို လုပ်ငန်းရှင်များကလည်း နိုင်ငံတော်နှင့် ပြည်သူအကျိုးစီးပွားအတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းဥပဒေများ ပြဋ္ဌာန်းထားပြီး သတ်မှတ်ထားသည့်ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်လိုသည်။ တာဝန်ရှိသူများအနေဖြင့် မြေယာအသုံးချမှုနှင့်ပတ်သက်၍ စည်းကမ်းစနစ်တကျဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန်လိုသလို မြေအသုံးချခွင့်ရထားကြသော လုပ်ငန်းရှင်များအနေဖြင့်လည်း ဥပဒေနှင့်အညီ လုပ်ငန်းများဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အမှန်တကယ်တွင် မြန်မာနိုင်ငံ၏ ရေမြေသဘာဝပိုင်ဆိုင်မှုအခြေခံကောင်းများအရ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများစွာရှိသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ဝေဘီမနည်းကျ ဆောင်ရွက်ကြလျှင် အောင်မြင်ဖွံ့ဖြိုးတိုးတက်သည့် စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်သည်။ ဆူလွယ်နစ်လွယ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသာမက ရှေ့ရှည်ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရန်လိုသည်။ မိမိတို့၏စီးပွားရေးလုပ်ငန်းများ အောင်မြင်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို ဖန်တီးဖော်ဆောင်နိုင်မည်ဖြစ်သည်။

ပြည်တွင်းမှ ရွှေ့ပြောင်းလုပ်သားအများစုသည် ရေကြည်ရာမြက်နရာ အလုပ်အကိုင် အခွင့်အလမ်း ကောင်းမွန်ရာနေရာများသို့ အစဉ်ပြောင်းရွှေ့လုပ်ကိုင်နေကြသည်။ ထို့သို့ပြောင်းရွှေ့လုပ်ကိုင်ကြရာ၌ အဆင်ပြေသူနည်းပါးပြီး အဆင်မပြေမှုများ ဒုက္ခဆင်းရဲအခက်အခဲများကို ကြုံတွေ့ကြရသည်။ များသောအားဖြင့် ကျေးလက်ဒေသများမှ ဒေသခံပြည်သူများသည် မိမိတို့မူရင်းအလုပ်အကိုင်များကိုစွန့်လွှတ်၍ ပြည်တွင်းဌာနတော်များသို့ ရွှေ့ပြောင်းလုပ်ကိုင်နေကြသည်မှာ သိနိုး၊ သန်းဂဏန်းအရေအတွက်ရှိနေသည်။ လူသားအရင်းအမြစ်များ ပြည်ပသို့ ယိုစီးထွက်ပြီး များသောအားဖြင့် ၎င်းတို့အတွက်လည်း မထိရောက်၊ တိုင်းပြည်အတွက်လည်း အကျိုးမရှိသည့်အခြေအနေများဖြစ်ပေါ်နေသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကောင်းမွန်ရေးတို့ကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာရေးတို့အတွက် ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

တံတားဦးမြို့နယ်၌ ကျန်းမာရေးဆိုင်ရာ လူထုလှုပ်ရှားမှုဆောင်ရွက်

တံတားဦး မေ ၃၀

ကျေးလက်ဒေသများ၌ ကျန်းမာရေးနှင့်လျော်ညီသည့် ယင်လုံအိမ်သာနှင့် ရေလောင်းအိမ်သာဖြစ်စေရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးနှင့်လျော်ညီသည့် ယင်လုံအိမ်သာနှင့် ရေလောင်းအိမ်သာ သုံးစွဲရေးလုပ်ငန်းစဉ်များကို မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ယမန်နေ့တွင် ရပ်ကွက်/ကျေးရွာများ အရောက် ကွင်းဆင်းဆောင်ရွက်ကြသည်။

လိုက်လံကြည့်ရှု

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဖြူးဇော်ကိုကို၊ ကျန်းမာရေးဦးစီးဌာန ခရိုင်ဆရာဝန်ကြီး ဒေါက်တာမြင့်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျေးလက်ဒေသများ၌ ကျန်းမာရေးနှင့်လျော်ညီသည့် ယင်လုံအိမ်သာနှင့် ရေလောင်းအိမ်သာ ဖြစ်စေရေးအတွက် ဒေသခံပြည်သူများအား အသိပညာပေးဟောပြောပြီး ရပ်ကွက်/ကျေးရွာများတွင် ဆောက်လုပ်ထားသည့် ယင်လုံအိမ်သာနှင့် ရေလောင်းအိမ်သာများကို လိုက်လံကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မိတ္ထီလာမြို့နယ်၌ ယင်လုံအိမ်သာ ရာနှုန်းပြည့်လွှမ်းခြုံနိုင်ရေး သန့်ရှင်းရေးအသိပညာပေး

မိတ္ထီလာ မေ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနက ယင်လုံအိမ်သာရာနှုန်းပြည့် လွှမ်းခြုံနိုင်ရေးအတွက် လူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေး အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နှံ့နှက်ပိုင်းတွင် တောမကျေးရွာ၌ ဆောင်ရွက်သည်။

မိတ္ထီလာမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ လူထုဦးဆောင်သော အသိပညာပေးဆောင်ရွက်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေး၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခရိုင်မှူး ဒေါက်တာရဲပိုင်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဒေသခံပြည်သူများအား ယင်လုံအိမ်သာသုံးစွဲခြင်းမှ ရရှိနိုင်မည့် အကျိုးကျေးဇူးများအကြောင်းကို အသိပညာပေးဟောပြောကာ ကျေးရွာအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

လှိုင်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးက အမှာစကားပြောကြားပြီး မြို့နယ်အခွန် ဦးစီးဌာနမှျး ဦးတင်အောင်မိုးက တည်ဆဲ အခွန်ဥပဒေများ၊ ပြည်ထောင်စု၏ အခွန်ကောက်ဥပဒေများ အကြောင်းနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မေ ၃၀

ယနေ့ ညနေ ၄ နာရီ ၃၆ မိနစ် ၄၈ စက္ကန့်တွင် ဟားခါးမြေလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၄၄ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မင်းကင်းမြို့၏ တောင်-အနောက်တောင်ဘက် ၂၉ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၅၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၇ ဒီဂရီ အနက် ၇၅ ကီလိုမီတာ ကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/၈လ

ယနေ့ မိုးလေဝသ (၃၁-၅-၂၀၂၆)

နေပြည်တော်နှင့်အနီးတစ်ဝိုက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/၈လ

၃၀ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၁၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မို့မို့အောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊		ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
	ယုဝါဂါ၊ သီသီမင်း၊	အငယ်တန်း	- အောင်ကျော်ဦး၊ သန်းတင်အောင်
	ဟိန်းထက်လင်း၊ သက်ထွေး၊	သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
	စန်းယဉ်ဒု၊ နိုင်လင်းကြည်	သုတေသန	- ဇင်မာဝင့်
ဘာသာပြန်	- အောင်ကျော်ကျော်၊	စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
	စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာဗောဓိမဓ္ဓရိပ်သာ မြန်မာဘုန်းတော်ကြီးကျောင်းသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာဗောဓိစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

✷ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မဟာဗောဓိ မဟာဝိဟာရဘုရားကျောင်းသို့ ရောက်ရှိကြပြီး မဟာဗောဓိစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သောက်တော်ရေချမ်း၊ ဆီမီး၊ ပန်းနှင့် သင်္ကန်းများကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်သမ္မတကိုယ်စား ဆရာတော်ကြီးတစ်ပါးက ဗုဒ္ဓရုပ်ပွားတော်မြတ်အား သင်္ကန်းကပ်လှူပူဇော်သည်။

ယင်းနောက် မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ မဟာဗောဓိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုပြီး မဟာဗောဓိပင်အား ဖူးမြော်ကြည်ညိုပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူအား လှူဒါန်းသည်။

လက်မှတ်ရေးထိုး

ထို့နောက် နားနေဆောင်တွင် နိုင်ငံတော်သမ္မတက မဟာဗောဓိစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများအား မဟာဗောဓိကျောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက မမြလက်ဆောင် ပြန်လည်ပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် မဟာဗောဓိစေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာဗောဓိစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများအား မဟာဗောဓိကျောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။



ဆက်လက်၍ မဟာဗောဓိ မဟာဝိဟာရဘုရားကျောင်းအတွင်း လှည့်လည်ဖူးမြော်ကြပြီး မုစလိန္ဒအိုင်ရှိ ငါးများအား အာဟာရဒါနအဖြစ် အစာများကျွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် သုဇာတကျောင်းတော်သို့ ရောက်ရှိကြပြီး ကျောင်းတော်အတွင်း လှည့်လည်ဖူးမြော်၍ ကျောင်းတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နို့ဆွမ်းကပ်လှူပူဇော်၍ နိုင်ငံတော်သမ္မတက ဘုရားကျောင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နယူးဒေလီမြို့ Palam လေတပ်စခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက လေဆိပ်တွင် လှိုက်လဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ယင်းနောက် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မဟာဗောဓိမဓ္ဓရိပ်သာ မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းထိုင်ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒမုနိအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ နိုင်ငံတော်သမ္မတက ဆရာတော်ကြီးထံ သင်္ကန်းပရိက္ခရာများနှင့် လှူဖွယ်ပစ္စည်းများ၊ နဝါကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက နိုင်ငံတော်သမ္မတထံ ဓမ္မလက်ဆောင်ပြန်လည်ပေးအပ်ပြီး အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုပေါင်းအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ပို့ဆောင်နှုတ်ဆက်

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဂါယာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် နယူးဒေလီမြို့သို့ ဆက်လက်ထွက်ခွာကြရာ ဘီဟာပြည်နယ်အုပ်ချုပ်ရေးမှူး Lt. Gen. (Rted) Syed Ata Hasnain၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် နယူးဒေလီမြို့ Palam လေတပ်စခန်းသို့ ရောက်ရှိကြရာ အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ Palam လေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက လေဆိပ်တွင် လိုက်လဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုသို့ ကြိုဆိုနှုတ်ဆက်ရာတွင် ဂုဏ်ပြုတပ်ဖွဲ့က လျှောက်လမ်း၏ဘေးတစ်ဖက်တစ်ချက်စီတွင် ခြံရံ၍ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အကြီးဆုံးအိမ်ခြံမြေနှင့် ကားအရောင်းပြပွဲ၌ ပညာရှင်များဆွေးနွေးဟောပြောပွဲ ထည့်သွင်းကျင်းပ

ရန်ကုန် မေ ၃၀

i Myanmar House နှင့် Cars DB တို့က ကြီးမှူးကျင်းပသည့် အကြိမ် (၂၀)မြောက် မြန်မာ့အကြီးဆုံးအိမ်ခြံမြေနှင့်ကားအရောင်းပြပွဲကြီးကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာတွင် မေ ၂၉ ရက်မှ ၃၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သုံးရက်ကြာ ခင်းကျင်းပြသလျက်ရှိသည်။

အဆိုပါပြပွဲတွင် မြန်မာ့ဆောက်လုပ်ရေး၊ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုနှင့် မော်တော်ယာဉ်စျေးကွက် စသည့်မဟူညီသော နယ်ပယ်အသီးသီးမှ ပညာရှင်များကိုယ်တိုင် ဆွေးနွေးဟောပြောပွဲကို ထည့်သွင်းကျင်းပလျက်ရှိသည်။

မေ ၂၉ ရက်တွင် ငလျင်နှင့်ဆောက်လုပ်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောချက်ကို ဦးမျိုးမြင့်(Chairman & CEO) MKT Construction Co.,Ltd. ကလည်းကောင်း၊ မေ ၃၀ ရက်တွင် SKD အကြောင်းသိကောင်းစရာများကို ဦးကျော်စွာထွန်းမြင့်(အတွင်းရေးမှူး) Myanmar Automobile Manufacturers and Distributors Association က လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

မေ ၃၁ ရက် နံနက် ၁၁ နာရီတွင် ဦးစိုင်းခွန်နောင်(Managing Director)Sai Khung Noung Co., Ltd. Real Estate & Law Firm က ရင်းနှီးမြှုပ်နှံမှုအပိုင်းစများ ကောက်ကြည့်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဒေါ်ရီဝိုင်းဦး(Managing Director) A1 Construction Co., Ltd. နှင့် Daw Rita Htu Hkaung (CEO) MRED Co.,Ltd. တို့က Beauty of Women Role in Construction & Real Estate Development ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

မျိုးမင်းသူရ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ

အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် ထောက်ခံမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ ဆွေးနွေး

နေပြည်တော် မေ ၃၀

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Dr. Subrahmanyam Jaishankar က ယနေ့ညနေပိုင်းတွင် လာရောက် ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ ယခုကဲ့သို့ တရားဝင်ခရီးစဉ်မှ တစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ကောင်းမွန်လာမည့် အခြေအနေများ၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် ထောက်ခံမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ကာကွယ်ရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများနှင့် နယ်စပ်ဒေသ တည်ငြိမ် အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် အခြားနှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Dr. Subrahmanyam Jaishankar တို့ တွေ့ဆုံဆွေးနွေးစဉ်။

အဆိုပါတွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး တို့ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Shri Abhay Thakur နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၃၀

အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စု ဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဦးနှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မိုးလွင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံး မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတက သံရုံးရှိဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယင်နောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ မိမိအနေဖြင့် ယခုလာရောက်ခဲ့သည့် ခရီးစဉ်သည် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အကြီးအကဲ အနေဖြင့် ပြည်ပနိုင်ငံသို့ ပထမဆုံး လာရောက်သည့် ခရီးစဉ်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ရှေးယခင်ကတည်းက ကောင်းမွန်သည့် ဆက်ဆံရေးများရှိခဲ့ကာ သမိုင်းကြောင်းအရလည်း တူညီမှုများရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်ခဲ့ရကြောင်း၊ သို့သော် တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် နိုင်ငံခိုင်မာမှုဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင် ဒီမိုကရေစီအစိုးရသက်တမ်းကာလ နှစ်ခုတွင်လည်း အကောင်းဆုံး ဖြစ်အောင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

ဒီမိုကရေစီ ပထမအစိုးရသက်တမ်းကာလတွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ဆောင်ရွက်ခဲ့ပြီး ထိုက်သင့်သလောက် ငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ဖော်ပြထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီ ဒုတိယအစိုးရသက်တမ်း ကာလတွင် စီမံခန့်ခွဲမှုအားနည်းချက်များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် တိုင်းပြည်အနေဖြင့် အနှတ်လက္ခဏာ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲ ထပ်မံကျင်းပချိန်တွင် ၎င်းတို့ပါတီ ထောက်ခံမဲ မရရှိမည်ကို စိုးရိမ်သဖြင့် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး မသမာမှုများဖြစ်အောင် လုပ်ဆောင်ခဲ့ကြကြောင်း။

ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးချိန်တွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည်ကို အခြားပါတီများက မိမိထံ လာရောက်ပြောကြားခဲ့ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ထိုအချိန်က နိုင်ငံတော်တာဝန်ယူထားသည့် အစိုးရတာဝန်ရှိသူများထံ အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း ဖြေရှင်းပေးမှုမရှိဘဲ လွတ်တော်ကိုခေါ်ယူ၍ နိုင်ငံတော်အာဏာကို ရယူရန် လုပ်ဆောင် ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် အညီ နိုင်ငံတော်တာဝန်များကို ဝင်ရောက် ထမ်းဆောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ပနိုင်ငံများ အနေဖြင့်လည်း မိမိတို့နိုင်ငံအပေါ် ပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့ကြပြီး မိမိတို့အနေဖြင့် အခက်အခဲများ ကြားမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့ရကြောင်း။

စာမျက်နှာ ၅ သို့ ✣



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ်ရောက်ရှိ

နေပြည်တော် မေ ၃၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ရန် အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဦးညီစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးမင်းနောင်၊ ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် အိန္ဒိယနိုင်ငံ ဂါယာလေဆိပ်သို့ ရောက်ရှိကြရာ ဘီဟာပြည်နယ် အုပ်ချုပ်ရေးမှူး Lt. Gen. (Retd) Syed Ata Hasnain နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဦး၊ မြန်မာစစ်သံ(ကြည်းရေလေ)ဗိုလ်မှူးချုပ် ဇော်မိုးလွင်၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ဖြင့် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ကြိုဆို နှုတ်ဆက်ကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံသမ္မတ နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲများ ကျင်းပခြင်းတို့ အပြင် အိန္ဒိယအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အကြီးအကဲများနှင့် စီးပွားရေးအဖွဲ့အစည်းများ မှပုဂ္ဂိုလ်များကိုလည်း လက်ခံတွေ့ဆုံသွားမည် ဖြစ်သည်။ ထို့ပြင် အထင်ကရအခြေခံအဆောက်အအုံ စီမံကိန်းများကိုလည်း လေ့လာသွားမည်ဖြစ်ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတ ဦးညီစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။





နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား ဘီဟာပြည်နယ် အုပ်ချုပ်ရေးမှူး Lt. Gen. (Retd) Syed Ata Hasnain နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အိန္ဒိယနိုင်ငံ ဂါယာလေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆို နှုတ်ဆက်ကြစဉ်။

✣ စာမျက်နှာ ၄ မှ

မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး အဘက်ဘက်မှ စဉ်းစားဆောင်ရွက်ခဲ့ပြီး ယခုအခါ ရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများမှ ရွေးချယ်သည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် ယခုအခါ လွှတ်တော်ကျင်းပ၍ အရွေးချယ်ခံအစိုးရအဖွဲ့မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်း။

ယခုအခါ မိမိတို့အစိုးရအဖွဲ့ အနေဖြင့် ပါတီနှံ့ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း ပြည်သူများ၏ဆန္ဒနှင့်အညီ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ကြောင်း၊ ယနေ့အချိန်အခါနှင့် ကိုက်ညီသည့် ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် အတွက်လည်း ဆွေးနွေးဆောင်ရွက်ပြီး လွှတ်တော်၏သဘောတူညီချက်ဖြင့် ပြင်ဆင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ သို့သော် တိုင်းပြည်အတွက် ထိခိုက်မည့် ကိစ္စရပ်များကိုလည်း ကာကွယ် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ပညာရေးတွင် အားနည်းချက်များရှိနေကြောင်း၊ ထိုသို့ပညာရေး အားနည်းမှုများကြောင့် အသိပညာ၊ အတတ်ပညာများ အားနည်းပြီး တစ်ဦးချင်း၏ ဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်နိုင်မှု အားနည်းနေသည်ကို တွေ့ရကြောင်း၊ အချို့ပြည်ပနိုင်ငံများမှ အဖွဲ့အစည်းများ အနေဖြင့် အဆိုပါပညာရေး အားနည်းမှုကို အသုံးချ၍ မိမိတို့နိုင်ငံအပေါ် ၎င်းတို့လိုလျှင်သည့်ပုံစံဖြစ်စေရေး သွေးထိုးလှုံ့ဆော်မှုများကို လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်၏ပညာရည်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ခေတ်အဆက်ဆက်တွင် အားနည်းချက်များ ရှိခဲ့သည်ကို မှတ်တမ်းများအရ သိရှိနိုင်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ အားနည်းခဲ့ပြီး ပြည်တွင်းသယံဇာတများကို ထုတ်ယူသုံးစွဲခြင်းများဖြင့် နိုင်ငံစီးပွားရေးကို ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို တာဝန်ယူ ဆောင်ရွက်မည့် ငါးနှစ်တာကာလအတွင်း ပညာရေး၊ စီးပွားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံတွင် လာရောက် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံရုံး၊ စစ်သံရုံး မိသားစုများအနေဖြင့် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ပြည်ပနိုင်ငံတွင် ရောက်ရှိနေချိန်အတွင်း ရရှိသည့် အားလပ်ချိန်များတွင် အင်္ဂလိပ်စာနှင့် ကွန်ပျူတာနည်းပညာပိုင်းဆိုင်ရာများကို တစ်ဦးချင်းလေ့လာဆောင်ရွက်သွားကြရန် လိုကြောင်း၊ နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် စွမ်းဆောင်နိုင်သူများဖြစ်ရန် မျှော်လင့်ကြောင်း။

မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်နိုင်သည့် နယ်ပယ်များကို တတ်နိုင်သည့် ဘက်မှ အင်တိုက်အားတိုက်ပါဝင် ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကဲ့သို့ ပြည်ပတွင် နေထိုင်ရချိန်ကာလအတွင်း နိုင်ငံ့ဝန်ထမ်းများဖြစ်ကြပြီး နိုင်ငံ့အတွက် ဆောင်ရွက်နေသည့် စိတ်ဖြင့် စည်းစည်းလုံးလုံးနေထိုင်သွားကြစေလိုကြောင်း၊ အိန္ဒိယနိုင်ငံသည် ပူပြင်းသည့်ရာသီဥတုသို့ ရောက်ရှိနေပြီဖြစ်သဖြင့် တစ်ဦးချင်း၏ ကျန်းမာရေးကို ဂရုစိုက်ဆောင်ရွက် သွားကြစေလိုကြောင်း မှာကြားပြီး လိုအပ်ချက်များကို မေးမြန်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့် ပညာတော်သင် သင်တန်းသားများက လက်ခံရရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးမိသားစုများက တည်ခင်း ဧည့်ခံသည့် ညစာအား မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး

ကမ္ဘာ့ပတ်ဝန်းကျင်နေ့နှင့် လူငယ်သိပ္ပံပညာရှင်များ

၂၀၂၄ ခုနှစ် ဇွန်လ ၅ ရက်နေ့သည် ကမ္ဘာတစ်ဝန်းရှိ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ပိုမိုသတိပြုမိစေရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်သည့် "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" (World Environment Day) ဖြစ်ပါသည်။ ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှုသည် လူသားမျိုးနွယ်စုကြီး တစ်ခုလုံးအတွက် အရေးတကြီးဖြေရှင်းရမည့် စိန်ခေါ်မှုကြီးဖြစ်ရာ လူငယ်များအကြား သိပ္ပံနည်းကျအသိအမြင်များ မြှင့်တင်ပေးခြင်းသည် စိမ်းလန်းစိုပြည်သော အနာဂတ်တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ပင်ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်အတွက် အဓိကထားဆောင်ရွက်မည့် ဆောင်ပုဒ်မှာ "ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ဖို့ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" (A Global Call for Climate Action) ဖြစ်သည်။ ကမ္ဘာမြေသည် ငြင်းခုံခြင်း သို့မဟုတ် ညှိနှိုင်းခြင်းများကို ပြုလုပ်နေမည်မဟုတ်ဘဲ မြင့်တက်လာသော ပင်လယ်ရေမျက်နှာပြင်များ၊ ပြင်းထန်သော တောမီးများ၊ အပူလှိုင်းများနှင့် အရည်ပျော်ကျလာသော ရေခဲတောင်များမှတစ်ဆင့် ကျွန်ုပ်တို့ထံသို့ သတိပေးအချက်ပြမှုများကို ပေးပို့နေပါသည်။

ပါရီသဘောတူညီချက်နှင့် သိပ္ပံပညာရှင်များ ပူးပေါင်းသတ်မှတ်ထားသော ဘေးကင်းလုံခြုံမှုကန့်သတ်ချက်များဖြစ်သည့် ကမ္ဘာ့ပျမ်းမျှအပူချိန် 1.5 ကို ကျော်လွန်နေပြီဖြစ်သောကြောင့် ယခုအချိန်သည် ဆိုင်းငံ့နေရမည့်အချိန် မဟုတ်တော့ဘဲ လက်တွေ့ကျကျ လှုပ်ရှားရမည့်အချိန် ရောက်ရှိနေပြီဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိုးရိမ်ဖွယ်ရာ သတိပေးခေါင်းလောင်းသံက ယခုအခါ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ယခုအချိန်သည် စောင့်ဆိုင်းငြင်းခုံနေရမည့်အချိန် မဟုတ်တော့ဘဲ ကျွန်ုပ်တို့၏ အနာဂတ်မျိုးဆက်များနှင့် ကမ္ဘာမြေကြီးကို ကာကွယ်ရန် အတွက် မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လက်တွေ့ကျကျ ချက်ချင်း အကောင်အထည်ဖော် လှုပ်ရှားရမည့် အချိန်အခါသမယသို့ ရောက်ရှိနေပြီဖြစ်သည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို အော်ဘိုင်ဂျန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုအနေဖြင့် ကျွန်ုပ်တို့အားလုံးကိုပါဝင်ရန် တိုက်တွန်းနှိုးဆော်ထားသည်။ မေးခွန်းမှာ "ပြောင်းလဲမှုများဖြစ်လာမည်လား" မဟုတ်တော့ဘဲ ကျွန်ုပ်တို့ "မည်သို့လမ်းညွှန်ကြမည်နည်း" နှင့် "မည်မျှမြန်မြန် ဆောင်ရွက်နိုင်မည်နည်း" ဟူသည့် အချက်ဖြစ်ပါသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးခြင်း


ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့သည် သဘာဝပတ်ဝန်းကျင် ပျက်စီးပျိုယွင်းလာမှု၊ သယံဇာတများ အလွန်အကျွံထုတ်ယူသုံးစွဲမှုနှင့် ရာသီဥတုဖောက်ပြန်လာမှုတို့ကို ကမ္ဘာသူကမ္ဘာသားများ စုပေါင်းကာကွယ်ရန် ကုလသမဂ္ဂက နှိုးဆော်ထားသည့် သမိုင်းဝင်နေ့ဖြစ်ပါသည်။ ယနေ့အချိန်အခါတွင် ကျွန်ုပ်တို့၏ကမ္ဘာမြေသည် "ကမ္ဘာကြီးပူနွေးမှု" (Global Warming) အဆင့်မှသည် "ကမ္ဘာကြီးဆူပွက်မှု" (Global Boiling) အဆင့်သို့ ကူးပြောင်းလာပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက သတိပေးလျက်ရှိသည်။ ယနေ့ကမ္ဘာကြီး ရင်ဆိုင်နေရသော အိုဇုန်းလွှာပျက်စီးမှု၊ မှန်လုံအိမ်အာနိသင် မြင့်တက်မှုနှင့် ရေအရင်းအမြစ်ရှားပါးမှုပြဿနာများကို ဖြေရှင်းရန်မှာ သိပ္ပံနှင့်နည်းပညာ အခန်းကဏ္ဍက အရေးကြီးဆုံး မောင်းနှင်အားဖြစ်ကြောင်း အထင်အရှားတွေ့မြင်နေရပါသည်။

ယနေ့ကမ္ဘာကြီးရင်ဆိုင်နေရသော စိန်ခေါ်မှုများမှာ စိုးရိမ်ဖွယ်ရာ ကိန်းဂဏာန်းများအဖြစ် တွေ့မြင်နေရပါသည် -

(က) မှန်လုံအိမ်အာနိသင်နှင့် အပူချိန်မြင့်တက်မှု။ စက်မှုထွန်းကားလာမှုနှင့်အတူ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု မြင့်တက်လာခြင်းကြောင့် ကမ္ဘာ့အပူချိန်သည် စက်မှုခေတ်မတိုင်မီထက် 1.5 ကျော်လွန်ရန် နီးကပ်နေပြီး ယင်းသည် ရေခဲတောင်များအရည်ပျော်ခြင်းနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းတို့ကို တိုက်ရိုက်ဖြစ်ပေါ်စေသည်။

(ခ) ရေအရင်းအမြစ်ရှားပါးမှု။ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းကျော်သည် ရေရှားပါးမှုဒဏ်ကို ပြင်းထန်စွာခံစားနေရပြီး ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ ငါးဘီလီယံကျော်သည် တစ်နှစ်လျှင်အနည်းဆုံး တစ်လခန့် ရေပြတ်လပ်မှုနှင့် ရင်ဆိုင်ရနိုင်သည်ဟု ခန့်မှန်းထားသည်။

(ဂ) အိုဇုန်းလွှာနှင့် လေထုညစ်ညမ်းမှု။ နှစ်စဉ် လေထုညစ်ညမ်းမှုကြောင့် လူပေါင်း ခုနစ်သန်းခန့် အသက်ဆုံးရှုံးနေရပြီး လျှပ်စစ်ပစ္စည်းစွန့်ပစ်မှုနှင့် ပလတ်စတစ်ညစ်ညမ်းမှုတို့က မြေထုနှင့်ရေထု ဂေဟစနစ်ကို အဆိပ်အတောက်ဖြစ်စေလျက်ရှိသည်။



ဤကဲ့သို့သော အကျပ်အတည်းများကို ဖြေရှင်းရန်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု အခန်းကဏ္ဍသည် အရေးကြီးဆုံးသော မောင်းနှင်အားဖြစ်ကြောင်း အထင်အရှားတွေ့မြင်ရပါသည်။ သိပ္ပံနည်းကျအဖြေရာခြင်း၊ ရေရှည်တည်တံ့သော စွမ်းအင်များကို အစားထိုးသုံးစွဲခြင်းနှင့် သယံဇာတများကို စနစ်တကျ စီမံခန့်ခွဲခြင်းတို့သည်သာလျှင် ကျွန်ုပ်တို့၏ကမ္ဘာမြေကို နောင်လာနောက်သားများအတွက် အမွေပေးနိုင်မည့် တစ်ခုတည်းသောလမ်းစဉ်ဖြစ်ပါသည်။

ASEAN Plus Three Junior Science Odyssey – APT JSO လူငယ်သိပ္ပံပြိုင်ပွဲကဲ့သို့သော အစီအစဉ်များက လူငယ်သိပ္ပံပညာရှင်များအား ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတွင် အဓိကကျသော "ပြောင်းလဲမှုဖန်တီးသူများ" ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးခြင်းပင်ဖြစ်ပါသည်။

ASEAN Plus Three Junior Science Odyssey (ဒေသတွင်း သိပ္ပံပညာထွန်းကားရေး)

အာဆီယံအပေါင်းသုံးလူငယ်သိပ္ပံခရီးစဉ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၊ ကိုရီးယား၊ ဂျပန်နိုင်ငံတို့မှ အသက် ၁၃ နှစ်မှ ၁၅ နှစ်အတွင်းရှိ ထူးချွန်ထက်မြက်သည့် အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားလူငယ်သိပ္ပံပညာရှင် လောင်းလျာများကို စုစည်းပေးသည့် ပညာရေးအစီအစဉ်တစ်ခုဖြစ်သည်။

သမိုင်းကြောင်းနောက်ခံနှင့် တည်ထောင်မှု

ဤအစီအစဉ်ကို တောင်ကိုရီးယားနိုင်ငံရှိ အာဆီယံအပေါင်းသုံး ထူးချွန်ကျောင်းသားများ ဆိုင်ရာဗဟိုဌာနက ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ လူငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေး စူးစမ်းလိုစိတ်ကို လှုံ့ဆော်ပေးရန်၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်တွင် ထူးချွန်သူများ ဖြစ်လာစေရန်နှင့် အနာဂတ်တွင် အရည်အချင်းရှိသည့် အင်ဂျင်နီယာနှင့် သိပ္ပံပညာရှင်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်မှစတင်၍ အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများတွင် အလှည့်ကျကျင်းပလာခဲ့သော ဒေသတွင်း လူငယ်သိပ္ပံပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး အပူပိုင်း မိုးသစ်တောများ၊ စိုက်ပျိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲ၊ ရာသီဥတုပြောင်းလဲမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ကျန်းမာရေး၊ SDG ပန်းတိုင်များနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး စသည့် ခေတ်မီသိပ္ပံစနစ်ကို အသုံးပြုသော ဆယ်ကျော်သက်လူငယ်များ၏ ဦးဆောင်ဆန်းသစ်တီထွင်မှုများကို ကမ္ဘာ့ရင်ဆိုင်နေရသော ပြဿနာများကို ဖြေရှင်းနိုင်ရန် အားပေးမြှင့်တင်ပေးခြင်းဖြစ်သည်။

အာဆီယံအပေါင်းသုံး လူငယ်သိပ္ပံခရီးစဉ်၏ အခန်းကဏ္ဍ

ဤအစီအစဉ်သည် ကျောင်းသားလူငယ်များအတွက် သိပ္ပံပညာရပ်ဆိုင်ရာ ဗဟုသုတများ ဖလှယ်ရုံမျှမကဘဲ အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကွန်ရက်ချိတ်ဆက်မှုများကို ခိုင်မာစေပါသည်။ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်ရှားပါးမှုနှင့် ဆင်းရဲနွမ်းပါးမှု ပြဿနာများကို ဖြေရှင်းရာတွင် သိပ္ပံပညာဖြင့် ဦးဆောင်နိုင်မည့် "ပြောင်းလဲမှုဖန်တီးသူများ" (Change-makers) ကို ပျိုးထောင်ပေးနေခြင်းဖြစ်သောကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ရည်မှန်းချက်များနှင့် လိုက်လျောညီထွေရှိသည်။

၂၀၂၄ ခုနှစ်တွင် ကျင်းပခဲ့သော (၁၀)ကြိမ်မြောက်ပြိုင်ပွဲသည် ကမ္ဘောဒီးယားနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတွင် လူငယ်များ၏အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့ပါသည်။ အကြောင်းအရာများကို အဓိကထားဆောင်ရွက်ခဲ့ပါသည်။

၂၀၂၄ ခုနှစ် ဇူလိုင်လတွင် "ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အရေးယူဆောင်ရွက်မှုနှင့် တာဝန်ယူမှုရှိသော အီလက်ထရောနစ် ဆန်းသစ်တီထွင်မှု" ဟူသော ခေါင်းစဉ်ဖြင့် ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ပါသည်။

အာဆီယံအပေါင်းသုံး လူငယ်သိပ္ပံခရီးစဉ်၏ အခန်းကဏ္ဍ

ဤအစီအစဉ်သည် ကျောင်းသားလူငယ်များ အတွက် သိပ္ပံပညာရပ်ဆိုင်ရာ ဗဟုသုတများ ဖလှယ်ရုံမျှမကဘဲ အာဆီယံနှင့် အပေါင်းသုံးနိုင်ငံများ အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကွန်ရက်ချိတ်ဆက်မှုများကို ခိုင်မာစေပါသည်။ အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်ရှားပါးမှုနှင့် ဆင်းရဲနွမ်းပါးမှု ပြဿနာများကို ဖြေရှင်းရာတွင် သိပ္ပံပညာဖြင့် ဦးဆောင်နိုင်မည့် "ပြောင်းလဲမှုဖန်တီးသူများ" (Change-makers) ကို ပျိုးထောင်ပေးနေခြင်းဖြစ်သောကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ရည်မှန်းချက်များနှင့် လိုက်လျောညီထွေရှိသည်။

၂၀၂၄ ခုနှစ်တွင် ကျင်းပခဲ့သော (၁၀)ကြိမ်မြောက်ပြိုင်ပွဲသည် ကမ္ဘောဒီးယားနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတွင် လူငယ်များ၏အခန်းကဏ္ဍကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့ပါသည်။

ဒေါက်တာဇော်ထွန်းအောင်
(ပညာရေး)

(၁၀) ကြိမ်မြောက် APT JSO-10 ၏ ရာသီဥတုပြောင်းလဲမှုကို အတူတကွရင်ဆိုင်ခြင်း

(၁၀) ကြိမ်မြောက် အာဆီယံအပေါင်းသုံးလူငယ်သိပ္ပံခရီးစဉ်ကို ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိုးမြို့တွင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၂ ရက်မှ ၂၆ ရက်အထိ လူကိုယ်တိုင်တက်ရောက်ယှဉ်ပြိုင်သည့်စနစ်ဖြင့် ကျင်းပခဲ့သည်။ ဤပြိုင်ပွဲသည် သိပ္ပံပညာရှင်လောင်းလျာများအား ကမ္ဘာ့အဆင့်မီ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ပြုစုပျိုးထောင်ပေးသည့် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။

ပြိုင်ပွဲ၏ဆောင်ပုဒ်မှာ" ရာသီဥတုပြောင်းလဲမှုကို အရှိန်အဟုန်ဖြင့် ရင်ဆိုင်ဖြေရှင်းစို့ " (Racing Up Against Climate Change) ဖြစ်ပြီး ယနေ့ကမ္ဘာကြီး၏ အရေးတကြီးလိုအပ်ချက်ကို ထင်ဟပ်စေပါသည်။

မတူကွဲပြားသော တက်ရောက်သူများနှင့် အားလုံးပါဝင်မှု

ပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ လူငယ် ၁၉၄ ဦး တက်ရောက်ခဲ့ရာ ယင်းအနက် ကျောင်းသူ ၉၂ ဦး (၄၇ ရာခိုင်နှုန်းကျော်) ပါဝင်ခဲ့ခြင်းမှာ သိပ္ပံနယ်ပယ်၌ အမျိုးသမီးများ၏ပါဝင်မှုကို အားပေးသည့် "Gender Mainstreaming" ကို လက်တွေ့ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံပေါင်းစုံမှ လေ့လာမှုကို အားပေးရန်အတွက် ကျောင်းသားများကို မတူညီသောနိုင်ငံသားများဖြင့် စုဖွဲ့ထားသည့် (နိုင်ငံစုံပါဝင်သောအဖွဲ့များ) အဖြစ် ခွဲဝေကာ အတူတကွ အဖြေရှာစေခဲ့ပါသည်။

ပြိုင်ပွဲဝင်များ၏ တာဝန်နှင့် လှုပ်ရှားမှုများ

ပြိုင်ပွဲဝင် ကျောင်းသားလူငယ်များက ရိုးရှင်းသော စာသင်ခန်းအတွင်း သင်ကြားမှုထက် ကျော်လွန်သည့် လက်တွေ့လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြပါသည် -

❖ **ပညာပေးဗီဒီယိုပြိုင်ပွဲ။** "Racing Up Against Climate Change" ခေါင်းစဉ်ဖြင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအသိပညာပေးဗီဒီယိုများကို နိုင်ငံအလိုက် ဖန်တီးယှဉ်ပြိုင်ခဲ့ကြပါသည်။

❖**သိပ္ပံဆိုင်ရာ ဟောပြောပွဲများနှင့် Quiz ။** ရာသီဥတုပြောင်းလဲမှု၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် သန့်စင်မှုနည်းပညာဆိုင်ရာ ဟောပြောပွဲများ တက်ရောက်ပြီးနောက် ဉာဏ်စမ်းပဟေဠိများ ဖြေဆိုခဲ့ရပါသည်။

❖ **လက်တွေ့လေ့ကျင့်ခန်း။** ရေဆိုးသန့်စင်မှု ဖြစ်စဉ်တွင် အနည်ထိုင်စေရန် လိုအပ်သော ဆေးပမာဏကို ခန့်မှန်းသည့် ဓာတ်ခွဲခန်းလက်တွေ့လေ့ကျင့်စမ်းသပ်မှုများကို ဆောင်ရွက်ကာ ရေအရည်အသွေးစံနှုန်းများကို တိုင်းတာခဲ့ကြပါသည်။

❖ **အဖွဲ့လိုက် တင်ပြဆွေးနွေးခြင်း။** နိုင်ငံပေါင်းစုံမှ ကျောင်းသားလေးဦး သို့မဟုတ် ငါးဦးစီပါဝင်သော အဖွဲ့ ၁၈ ဖွဲ့ခွဲကာ ခေါင်းစဉ် ကိုးခုအတွက် ဆန်းသစ်သည့်အဖြေများကို Poster များဖြင့် တင်ပြခဲ့ကြပါသည်။

လေ့လာရေးနှင့် ယဉ်ကျေးမှုဖလှယ်ခြင်း

သိအိုရီဗဟုသုတများကို လက်တွေ့နှင့် ချိတ်ဆက်နိုင်ရန် ရေပေးဝေရေးဌာနသို့ သွားရောက် လေ့လာခဲ့သကဲ့သို့ ယူနက်စကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင် အန်ကောဝပ်သို့ သွားရောက်ကာ ရှေးခေတ်ရေစီမံခန့်ခွဲမှုစနစ်များကို လေ့လာခဲ့ပြီး နိုင်ငံကိုယ်စားပြုအဖြစ် အမှတ်တရသစ်ပင်စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လက်တွေ့ဖော်ဆောင်ခဲ့ကြပါသည်။ **စာမျက်နှာ ၇ သို့** ■



မိုးနဲမြို့ ကင်တုံမွေတော်စေတီ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တင်လှူ

မိုးနဲ မေ ၃၀

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ကင်တုံကျေးရွာရှိ ကင်တုံမွေတော်စေတီ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ခြင်းနှင့် ထီးတော်တင်လှူပွဲကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါ ဘုန်းတော်ကြီး ကျောင်း၌ ကျင်းပသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ဟောကြားတော်မူသော အနုမောဒနာတရားကို နာယူတော်မူကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ဂေါဝကအဖွဲ့များ၊ အလှူရှင်များနှင့် ထီးတော်တင်အဖွဲ့များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့ကို ပင့်ဆောင်ခဲ့သည်။

ထို့နောက် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့အား စေတီတော်အထွတ်သို့ မင်္ဂလာပန်းရထားဖြင့်ပင့်ဆောင်ခဲ့ပြီး သီပေါမြို့ ဘော်ကျိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ၊ မြို့နယ်ဩဝါဒစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်တို့ကို တင်လှူပူဇော်ခြင်းနှင့် အမွေးနံ့သာများပက်ဖျန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျိုးညွှန့်ရွှေ(မိုးနဲ)

ဆုတောင်းပြည့်ဇိနမာရ်အောင်စေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၃၀

ဆုတောင်းပြည့်ဇိနမာရ်အောင်စေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ အဆိုပါစေတီတော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များ ကြရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။



ဦးစွာ သန်လျင်မင်းကျောင်း ဆရာတော်ထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဏဂုံသာယ တော်မူကြသော ပရိတ်တရားတော်များ နာယူကြကာ ဘုရားဒါယကာ၊ ဒါယိကာမများက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးကြောကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလှူရှင်များက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်အား လက်ယာရစ်ပင့်ဆောင်၍ မင်္ဂလာရထားပျံ မဏ္ဍပ်သို့ ပို့ဆောင်ပူဇော်ကြပြီး စေတီတော်အထွတ်၌ တင်လှူပူဇော်ကြကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

■ စာမျက်နှာ ၆ မှ

ဤ (၁၀) ကြိမ်မြောက် APT JSO-10 သည် ပါဝင်တက်ရောက်သူများ၏ ဖြန့်ချာခိုင်နှုန်းကအလွန်ကျေနပ်အားရမှုရှိကြောင်း ဖော်ပြခဲ့ကြပြီး ၅၉ ရာခိုင်နှုန်းကျော်မှာ သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင် အသက်မွေးဝမ်းကျောင်းပြုရန် စိတ်ဓာတ်ခွန်အားများ ရရှိခဲ့ကြပါသည်။ ဤသည်မှာ လူငယ်များအတွက် အသိပညာဗဟုသုတသာမက တစ်သက်တာခိုင်မြဲမည့် ချစ်ကြည်ရင်းနှီးမှုနှင့် ကွန်ရက်များကိုပါ တည်ဆောက်ပေးနိုင်ခဲ့သော အဖိုးတန်ခရီးစဉ်တစ်ခု ဖြစ်ခဲ့ပါသည်။

ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်ကိုဆောင်နိုင်ခဲ့သည့် လူငယ်သိပ္ပံပညာရှင်များ

ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိုပ်၌ ကျင်းပခဲ့သော APT JSO-10 ပြိုင်ပွဲတွင် အဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသားများနှင့်အတူ မြန်မာနိုင်ငံမှ ဒသမတန်းနှင့် အဋ္ဌမတန်းအဆင့် ထူးချွန် ကျောင်းသားကျောင်းသူ ခြောက်ဦးက နိုင်ငံကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာကိုယ်စားပြုအဖွဲ့က အာဆီယံ အပေါင်းသုံးနိုင်ငံများမှ ကျောင်းသားများနှင့်အတူ သိပ္ပံနည်းကျ အဖြေရှာခြင်း၊ အသိပညာဗဟုသုတများ ဖလှယ်ခြင်းနှင့် စုပေါင်းလုပ်ဆောင်မှုများတွင် မြန်မာ့ရည်မှန်းချက်နှင့် စွမ်းဆောင်ရည်ကို ထင်ရှားစွာပြသနိုင်ခဲ့ပါသည်။

(က) နိုင်ငံတကာအဆင့် အောင်မြင်မှုနှင့် ဆုတံဆိပ်များ ဆွတ်ခူးခြင်း။ မြန်မာကျောင်းသားများက တစ်ဦးချင်းစွမ်းရည်နှင့် အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှုစွမ်းဆောင်ရည်များတွင် ထူးချွန်စွာယှဉ်ပြိုင်နိုင်ခဲ့သဖြင့် အောက်ပါအတိုင်း ဂုဏ်ယူဖွယ်ရာ ဆုတံဆိပ်များကို ဆွတ်ခူးနိုင်ခဲ့ပါသည် –

မနန်းလင်းလက်သွယ်။ သိပ္ပံဆိုင်ရာ ဗဟုသုတများကို စစ်ဆေးသည့် Knowledge Quiz ပြိုင်ပွဲတွင် တစ်ဦးချင်းစွမ်းရည်ရှိသူ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါသည်။

မောင်ရဲရင့်အောင် (Group H) ။ နိုင်ငံတကာမှ ကျောင်းသားများနှင့် အဖွဲ့လိုက်ဆွေးနွေးခြင်းတွင် ရွှေတံဆိပ်ဆု ရရှိခဲ့သည်။ နိုင်ငံလေးနိုင်ငံမှ ကျောင်းသား ကိုယ်စားလှယ်တစ်ဦးစီဖြင့် စုစုပေါင်း လေးဦးပါဝင်သောအဖွဲ့ (H) က အဝတ်အထည်လုပ်ငန်း၏ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများကို သိပ္ပံနည်းကျဖြေရှင်းပြနိုင်ခဲ့ပါသည်။

မဇကရီထွန်းလင်း (Group G)။ အဖွဲ့လိုက်ဆွေးနွေးခြင်းတွင် ငွေတံဆိပ်ဆု ဆွတ်ခူးခဲ့သည်။ ၎င်း၏အဖွဲ့သည် လျှပ်စစ်ပစ္စည်းစွန့်ပစ်မှု (E-waste) ပြဿနာအတွက် ရေရှည်တည်တံ့သောအဖြေများကို တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

သိပ္ပံဆိုင်ရာဗဟုသုတများကို စစ်ဆေးသည့် Knowledge Quiz (ရေးဖြေ၊ နှုတ်ဖြေ၊ လက်တွေ့) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျောင်းသူ မနန်းလင်းလက်သွယ် (အထက - ၁၊ ဧရယ္ဂာသိရီ) က နိုင်ငံကိုယ်စားပြု တစ်ဦးချင်းစွမ်းရည် ရွှေတံဆိပ်ရရှိခဲ့ပြီး နိုင်ငံဂုဏ်ဆောင်နိုင်ခဲ့သဖြင့် စင်မြင့်ထက်တွင် နိုင်ငံတော်အလံဖြင့် မှတ်တမ်းတင်ခွင့်ရရှိခဲ့ပါသည်။ Quiz ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့ခြင်းက မြန်မာလူငယ်များ၏ သိပ္ပံဆိုင်ရာထူးချွန်မှုစွမ်းရည်ကို ကမ္ဘာ့အလယ်တွင် သက်သေပြနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

(ခ) မြန်မာ့ကိုယ်စားပြုမှု၏ အရေးပါပုံ ။ မြန်မာနိုင်ငံမှ ကျောင်းသားများသည် နိုင်ငံတကာမှ ပညာရှင်များနှင့် ထိတွေ့ခွင့်ရရှိခဲ့ပြီး အထူးသဖြင့် မနန်းလင်းလက်သွယ်က ကမ္ဘောဒီးယားနိုင်ငံ၏ သန့်ရှင်းသပ်ရပ်မှုနှင့် စေတနာ၃၀နှစ်ထမ်းများ၏ ဖော်ရွေမှုကိုချီးကျူးခဲ့ကာ ဤခရီးစဉ်သည် ၎င်းအတွက် တစ်သက်တာမမေ့နိုင်သော အတွေ့အကြုံ ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဤအောင်မြင်မှုများသည် မြန်မာလူငယ်များ၏ သိပ္ပံဆိုင်ရာစူးစမ်းလိုစိတ်နှင့် စွမ်းရည်ကို ကမ္ဘာ့အလယ်တွင် သက်သေပြနိုင်ခဲ့ခြင်းဖြစ်သကဲ့သို့ အနာဂတ်တွင် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သိပ္ပံကဏ္ဍကို ဦးဆောင်မည့်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် အထောက်အကူပြုမည်မှာ ဧကန်မလွဲပင်ဖြစ်ပါသည်။

> **“သိပ္ပံဆိုင်ရာဗဟုသုတများကို စစ်ဆေးသည့် Knowledge Quiz (ရေးဖြေ၊ နှုတ်ဖြေ၊ လက်တွေ့) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကျောင်းသူ မနန်းလင်းလက်သွယ် (အထက - ၁၊ ဧရယ္ဂာသိရီ) က နိုင်ငံကိုယ်စားပြု တစ်ဦးချင်းစွမ်းရည် ရွှေတံဆိပ်ရရှိခဲ့ပြီး နိုင်ငံဂုဏ်ဆောင်နိုင်ခဲ့သဖြင့် စင်မြင့်ထက်တွင် နိုင်ငံတော်အလံဖြင့် မှတ်တမ်းတင်ခွင့်ရရှိခဲ့ပါသည်။ ဤအောင်မြင်မှုများသည် မြန်မာလူငယ်များ၏ သိပ္ပံဆိုင်ရာ စူးစမ်းလိုစိတ်နှင့်စွမ်းရည်ကို ကမ္ဘာ့အလယ်တွင် သက်သေပြနိုင်ခဲ့ခြင်းဖြစ်သကဲ့သို့ အနာဂတ်တွင် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သိပ္ပံကဏ္ဍကို ဦးဆောင်မည့်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် အထောက်အကူပြုမည်မှာ ဧကန်မလွဲပင်ဖြစ်ပါသည်။”**

ကမ္ဘာလုံးဆိုင်ရာ အသိတရားဖြင့် စိမ်းလန်းစိုပြည်သော ကမ္ဘာသစ်ကို စုပေါင်းထုဆစ်ခြင်း

(၁၀) ကြိမ်မြောက် အာဆီယံအပေါင်းသုံးလူငယ်သိပ္ပံခရီးစဉ်သည် လူငယ်သိပ္ပံပညာရှင်များအား အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးခဲ့ရုံသာမက ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှု ပြဿနာများကို စုပေါင်းဖြေရှင်းနိုင်မည့် ခိုင်မာသောနိုင်ငံတကာ ကွန်ရက်တစ်ခုကို တည်ဆောက်ပေးနိုင်ခဲ့ပါသည်။

ဤအစီအစဉ်မှတစ်ဆင့် ရရှိလာသောအတွေ့အကြုံများသည် ကျွန်ုပ်တို့အားလုံးအား “ကမ္ဘာ့နိုင်ငံသား” (Global Citizens) များအဖြစ် မိမိတို့၏ ပတ်ဝန်းကျင်ကို မည်သို့ချစ်ခင်မြတ်နိုးပြီး ကာကွယ်စောင့်ရှောက်ရမည်ဆိုသည့် အသိတရားကို နှိုးကြားစေခဲ့ပါသည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် ကျွန်ုပ်တို့သည် အောက်ပါအချက်များကို အလေးထားဆင်ခြင်ကြရန် လိုအပ်ပါသည် –

သတိတရားဖြင့် ရှင်သန်ခြင်း။ ကျွန်ုပ်တို့၏ နေ့စဉ်လုပ်ဆောင်မှုတိုင်းသည် ဂေဟစနစ်အပေါ် သက်ရောက်မှုရှိနေကြောင်း သတိပြုကာ လျှပ်စစ်စွမ်းအင် ချွေတာခြင်းနှင့် ညစ်ညမ်းမှုလျော့ချခြင်းကဲ့သို့သော ရိုးရှင်းသော အပြုအမူလေးများဖြင့် ပိုမိုကြီးမားသော ပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်ကြရမည် ဖြစ်ပါသည်။

စုပေါင်းအားဖြင့် အဖြေရှာခြင်း။ ရာသီဥတုပြောင်းလဲမှုသည် နိုင်ငံတစ်ခုတည်းက အောင်နိုင်မည့် “ပြိုင်ပွဲ” မဟုတ်ဘဲ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် လူငယ်များ၏ ဆန်းသစ်သော တီထွင်မှုများဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

အနာဂတ်အတွက် ရင်နှီးမြှုပ်နှံခြင်း။ APT JSO တွင် မြန်မာလူငယ်များပြသခဲ့သည့် သိပ္ပံနည်းကျ စူးစမ်းမှုများနှင့် အောင်မြင်မှုများသည် ကျွန်ုပ်တို့နိုင်ငံအတွက်သာမက ကမ္ဘာ့ပတ်ဝန်းကျင် တည်ငြိမ်ရေးအတွက်ပါ အားတက်ဖွယ်ရာ ခြေလှမ်းများ ဖြစ်ပါသည်။

မြန်မာ့ဆိုရိုးစကားတွင် “သစ်တစ်ပင်စိုက်လျှင် အပူတစ်သိန်းငြိမ်း” ဟု ဆိုထားသကဲ့သို့ ကျွန်ုပ်တို့ တစ်ဦးချင်းစီ စိုက်ပျိုးလိုက်သော အသိပညာနှင့် မေတ္တာဓာတ်များက နောင်တစ်ချိန်တွင် အေးမြသာယာသော ကမ္ဘာသစ်ကို ဖန်တီးပေးပါလိမ့်မည်။ ကမ္ဘာသူ ကမ္ဘာသားအပေါင်းသည် သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးတန်ဖိုးထားကာ လူငယ်တို့၏ သိပ္ပံနည်းကျ တီထွင်ဖန်တီးမှုများဖြင့် ပိုမိုလှပသော၊ ဟန်ချက်ညီသော၊ ငြိမ်းချမ်းသော ကမ္ဘာမြေကြီးကို လက်ချင်းချိတ်၍ စုပေါင်းထုဆစ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

“ကမ္ဘာမြေကို ချစ်မြတ်နိုးခြင်းသည် ကျွန်ုပ်တို့၏အနာဂတ်ကို ကာကွယ်ခြင်းပင်ဖြစ်ပါသည်။”

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဟိုပုံးတပ်နယ် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ နည်းပြများနှင့် သင်တန်းသားများအား တွေ့ဆုံ၊ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဟိုပုံးတပ်နယ် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းရှိ နည်းပြများနှင့် သင်တန်းသားများအား အဆိုပါကျောင်းသင်တန်းခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဟိုပုံးတပ်နယ် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ နည်းပြများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ဌာနချုပ်ရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ်ကြီးက လေ့ကျင့်သင်ကြားရေးဆိုင်ရာ ဆောင်ရွက်နေမှုများ၊ သင်ထောက်ကူ ပစ္စည်းများအား အဆင့်မြှင့်တင် လေ့ကျင့်သင်ကြားပေးနေမှုများနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သင်တန်းသားများအတွက် သင်ယူလျက်ရှိသည့် ဘာသာရပ်များနှင့် ပတ်သက်၍ လေ့လာဆည်းပူးနိုင်မည့် စာအုပ်၊ စာစောင်များအား စာကြည့်တိုက်များတွင်ထားရှိပေးရန်နှင့် အခြားလိုအပ်သည်များကို မှာကြားကာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် သင်တန်းကျောင်းရှိ ဘုရင့်နောင်ခန်းမတွင် နည်းပြအရာရှိများ၊ သင်တန်းသားများအား သွားရောက်တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် တပ်မတော်အတွက် လိုအပ်သော လူသား အရင်းအမြစ်များကို မွေးထုတ်ပေးနေသည့် သင်တန်းကျောင်းများစွာ ရှိသည့်အနက် ယခု သင်တန်းကျောင်းသည် ခေတ်မီ တပ်မတော်တည်ဆောက်ရန် အတွက် လိုအပ်သော တပ်မတော်သား နည်းပညာရင်းများအား လေ့ကျင့်မွေးထုတ်ပေးနေသည့် သင်တန်းကျောင်းများထဲတွင် ပါဝင်သည့်အတွက် အလွန်ပင် အရေးကြီးကြောင်း၊ သင်တန်းနည်းပြများ အနေဖြင့်လည်း ယခုကဲ့သို့ အရေးကြီးသည့် သင်တန်းသားများကို သင်ကြားလေ့ကျင့်ပေးနေရသဖြင့် နည်းပြများမှာ အလွန်တာဝန်ကြီးကြောင်း၊ ထို့ကြောင့် သင်တန်းနည်းပြများအနေဖြင့် မိမိတို့ သင်ကြားပေးရသည့် ပညာရပ်များအား ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြား လေ့ကျင့်ပေးနိုင်ရန် အတွက် သက်ဆိုင်ရာနယ်ပယ်များအလိုက် အမြဲလေ့လာဆည်းပူးနေရန် လိုကြောင်း၊ သင်ကြားပေးနေသည့် ပညာရပ်များကိုလည်း လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်အောင် စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် သင်ကြားပေးရန် လိုကြောင်း၊ ထို့ပြင် ခေတ်မီစက်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုခြင်းများကို လေ့ကျင့် သင်ကြားပေးရသည့် အတွက် နည်းပြများ အနေဖြင့်လည်း ဝန်းစာပြည့်ဝနေရန် လိုကြောင်း၊ မိမိထက် ထူးချွန်ထက်မြက်သည့် တပည့်များဖြစ်အောင် သင်ကြားပေးရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အတွက် အရေးကြီးသည့် လူသားအရင်းအမြစ်များကို သင်ကြား မွေးထုတ်ပေးရသည်ဖြစ်သည့်အတွက် အလေးထား သင်ကြားပေးရန် လိုကြောင်း၊ သင်ကြားသည့် အခါတွင်လည်း သင်တန်းသားများ နားလည်တတ်မြောက် လွယ်အောင် လေ့ကျင့် သင်ကြားပေးရန် လိုကြောင်း၊ တပ်မတော်အတွက် အမှန်တကယ် အားထားရသည့် နည်းပညာနှင့် ပတ်သက်သည့် တပ်မတော်သား ပညာသည်များကို မွေးထုတ်ပေးရခြင်းဖြစ်သည့် အတွက် ဖြစ်ပေါ်ပြောင်းလဲနေသည့်ခေတ်မီနည်းပညာများကို စဉ်ဆက်မပြတ် လေ့လာနေကြရန် လိုကြောင်း။

ခေတ်မီ တပ်မတော်တည်ဆောက်ရာတွင် နည်းပညာကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်အရေးပါလာကြောင်း၊ ထို့ကြောင့် သင်တန်းနည်းပြများက သက်ဆိုင်ရာနယ်ပယ်အလိုက် စဉ်ဆက်မပြတ် လေ့လာနေသကဲ့သို့ သင်တန်းသားများအနေဖြင့်လည်း လိုအပ်သည့် နည်းပညာများကို အကျိုးရှိစွာ အသုံးပြုနိုင်စေရန် သင်ယူထားသည့် ဘာသာရပ်များကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစား လေ့ကျင့် သင်ယူကြရန်လိုကြောင်း။

မိမိတို့ တပ်မတော်အနေဖြင့် ခေတ်နှင့် လျော်ညီသည့် တိုးတက်ပြောင်းလဲလာသော စစ်နည်းပဲ့ယူဟာများ၊ စစ်အတတ်ပညာများ၊ စစ်လက်နက် ပစ္စည်းများနှင့် နည်းပညာများအား ပြောင်းလဲကျင့်သုံးရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ သင်တန်းသားများ အနေဖြင့် ပြောင်းလဲတိုးတက်လာသော နည်းပညာများအား စဉ်ဆက်မပြတ်လေ့လာ၍ မိမိတို့ သင်ကြား လေ့လာထားသည့် ဘာသာရပ် နယ်ပယ်အလိုက် Professional ကျကျ တတ်မြောက်သည်အထိ ကြိုးစားလုပ်ဆောင်ကြရန် လိုကြောင်း၊ အားလပ်ချိန်များတွင် ပညာရပ်ဆိုင်ရာစာပေများကိုဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ သင်တန်းသားများအားလုံး စစ်အတတ်ပညာနှင့် လုပ်ငန်း အတတ်ပညာများတွင် အရည်အချင်း ပြည့်မီသူများ ဖြစ်ရန်လိုကြောင်း၊ မိမိတတ်ကျွမ်းသည့် အတတ်ပညာများကို အပြည့်အဝ အသုံးချခြင်းဖြင့် စွမ်းအားရှိသည့် တပ်မတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်သား များသည် တပ်မတော်အတွင်း ဝင်ရောက် အမှုထမ်းဆောင် ကြရာတွင် မည်သူ တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါဘဲ မိမိတို့၏ဆန္ဒအလျောက် နိုင်ငံတော် ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ တပ်မတော်က ချမှတ်ထားသည့် စည်းကမ်းများအတိုင်း လိုက်နာကျင့်သုံး၍ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ပါက တစ်ဦးချင်းစီ၏ ရည်မှန်းချက်များ တိုးတက် အောင်မြင်လာမည် ဖြစ်ကြောင်း၊ မိမိတို့ဘဝကို ထိခိုက်ပျက်စီးစေနိုင်သည့် မူးယစ်သောက်စားမှုများနှင့် အပျော်အပါး လောင်းကစားမှုများကို ရှောင်ကြဉ်ရန်လိုကြောင်း။

သင်တန်းသားများ အနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် လိုအပ်နေသော နည်းပညာရှင် ကောင်းများ၊ နိုင်ငံသားကောင်းများဖြစ်ရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိရန် လိုကြောင်း၊ သင်တန်းဆင်းပြီး နောက် သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ရောက်ရှိတာဝန် ထမ်းဆောင် ချိန်တွင်လည်း သင်ကြားပေးလိုက်သည့် ပညာရပ်များအား မှန်မှန်ကန်ကန်အသုံးချပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန် လိုကြောင်းနှင့် တာဝန်ထမ်းဆောင်ကြရာတွင်လည်း မိမိ၏ကျောင်းဂုဏ်သိက္ခာ တပ်မတော်၏ဂုဏ်သိက္ခာကို စောင့်ထိန်းရန်နှင့် ဥပဒေလေးလုပ်ရပ်များ မလုပ်မိစေရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် နည်းပြများနှင့် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်များ၊ အင်ဂျင်နီယာသင်တန်းသား အိပ်ဆောင်များ၊ ပြည်သူ့စစ်မှုထမ်း သင်တန်းသားများ အိပ်ဆောင်ခင်းကျင်းထားရှိမှုများနှင့် သင်တန်းသား စားရိပ်သာများအား လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ စားရိပ်သာများတွင် ချက်ပြုတ်ကျွေးမွေးရန် ပြင်ဆင်ထားရှိမှု၊ ထမင်းချက်ခန်း၊ ရိက္ခာစတို၊ အသားငါးနှင့် ဟင်းသီးဟင်းရွက်စတိုများအား ကြည့်ရှုစစ်ဆေးပြီး ချက်ပြုတ်ကျွေးမွေးရာတွင် ကျန်းမာရေးနှင့် သင့်လျော်ပြီး သတ်မှတ်နှုန်းထားများအတိုင်း စနစ်တကျချက်ပြုတ်ကျွေးမွေးရန်၊ သားငါးနှင့် ဟင်းသီးဟင်းရွက်များအား သန့်ရှင်းလတ်ဆတ်စွာ ထားရှိရန်နှင့် အခြား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ဇနီးဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် တပ်နယ်အတွင်း တပ်ရင်း/ တပ်ဖွဲ့များရှိ နေအိမ်လိုင်းခန်းများနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိသော ရာသီသီးနှံစိုက်ခင်းများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သန်လျင်မြို့နယ်၌ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန အလုပ်သမားဆက်ဆံရေးဦးစီးဌာနက အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်းကို ယမန်နေ့ နံနက်ပိုင်းတွင် သီလဝါစက်မှုနှစ်စီမံခန့်ခွဲမှုကော်မတီရုံးခန်း၌ ကျင်းပသည်။

ဦးစွာ အလုပ်သမားဆက်ဆံရေးဦးစီးဌာန သီလဝါအထူးစီးပွားရေးဇုန်ရုံး တာဝန်ခံအရာရှိက အမှာစကားပြောကြားပြီး အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များအနေဖြင့် စွမ်းရည်မြှင့်သင်တန်းတက်ရောက်ခြင်းဖြင့် ဥပဒေပါ အကျိုးခံစားခွင့်များကို သိရှိကာ အငြင်းပွားမှုများကို အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီဖြင့် လုပ်ငန်းခွင်မပျက် ဆောင်ရွက်စေလိုကြောင်း ဆွေးနွေးမှာကြားသည်။

အဆိုပါသင်တန်းသို့ စက်ရုံ၊ အလုပ်ရုံ ၂၁ ရုံမှ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အာကာ**





နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တည်ခိုမည့်ဧည့်ရိပ်သာပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးကံမြင့်သန်းသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် သစ်လေးလုံးကျေးရွာအုပ်စု ပုရွက်ဆိတ်ကုန်းကျေးရွာရှိ တောင်သူဦးမိုးဆွေ၏ ကွင်းအမှတ်(၁၇၀၄)၌ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စုပေါင်းကြဲပက်နေမှုနှင့် ကူးတိုးဆိပ်ကျေးရွာအုပ်စု အင်းသာကျေးရွာရှိ ဒေါက်တာကိုကိုနိုင်၏ အသားတိုးကြက်အကောင်ရေ ၁၂၇၀၀၀ မွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ငဖယ်အင်းရေနုတ်မြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကျွန်းရောင်းအိုင်စောက်–ပေါင်းလောင်းရေနုတ်မြောင်း ပြုပြင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အိုင်စောက်ကျေးရွာမှ ကျောက်ချက်တံတားအထိ ရန်ကုန်–မန္တလေးလမ်းဟောင်း လမ်းဘေး ဝဲ၊ ယာတွင် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ (၂)၌ လွှတ်တော်ကိုယ်စားလှယ်များ တည်ခိုနေထိုင်ရန် နေရာချထားမည့် အိပ်ဆောင်များနှင့် အဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် ၁၃၈၈ ခုနှစ် နယုန်လပြည့် မဟာသမယအခါတော်နေ့ လှည့်လည် ပူဇော်ပွဲသို့ တက်ရောက်ကြည်ညိုသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်ကော်မတီရုံး ကနောင်ခန်းမ၌ ဌာနဆိုင်ရာများ၊ စက်မှုဇုန်များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်လည်းကောင်း၊ အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် FAME Pharmaceuticals ဆေးဝါးစက်ရုံ၌ စက်ရုံမှတာဝန်ရှိသူများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ အမှာစကား ပြောကြားသည်။

ယင်းနောက် FAME Pharmaceuticals ဆေးဝါးစက်ရုံမှ ထုတ်လုပ်ထားသော ထုတ်ကုန် ၁၀၇ မျိုးနှင့် စက်ရုံအတွင်း ထုတ်ကုန်များထုတ်လုပ်နေမှုကို လည်းကောင်း၊ မင်္ဂလာဒုံခရိုင် ရွှေပြည်သာမြို့နယ် Green Circle Company စက်ရုံအတွင်း ထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် LEVEL(3) EV CHARGER ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မင်္ဂလာဒုံခရိုင် ရွှေပြည်သာမြို့နယ်ရှိ ပြည်လမ်းနှင့် အမှတ်(၄)လမ်းတို့ကို ဆက်သွယ်ထားသော လော်ကားလမ်းမပေါ်ရှိ ရန်ကုန်အရှိုက်မှ စွမ်းအင်ထုတ်စက်ရုံ၏ စက်ရုံလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ခွဲထက်ကို(ပြန်/ဆက်)





ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မုံရွာ မေ ၃၀

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ရန်ကင်းရပ်ကွက်ရှိ ချင်းတွင်းမြင့် ဟိုတယ်၌ ကျင်းပရာ စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံပြည်သူလူထုအကျိုးရှိစေမည့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရင်း ခရီးသွားလုပ်ငန်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကော်မတီအဖွဲ့ဝင်အားလုံး ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များက လုပ်ငန်းများလည်ပတ် ဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့်အချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး မန္တလေးမြို့ရှိ နိုင်ငံပိုင်ဟိုတယ်များ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ နိုင်ငံပိုင်ဟိုတယ်များ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေနှင့် မန္တလေးမြို့ ၂၇ လမ်း–၆၈ လမ်းထောင့်နှင့် မန္တလေးဘူတာကြီးတို့တွင် ဖွင့်လှစ်ထားသော သတင်းပြန်ကြားရေးကောင်တာများကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ကလည်း မန္တလေးမြို့ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ အပေါ် ပြန်လည်ပြုပြင်ပြီးစီးသည့် ဟိုတယ်နှင့် ခရီးသွားဥာဏ်ကြားမှု ဦးစီးဌာန မန္တလေးတိုင်းဒေသကြီးနှစ်ထပ်ရုံး အဆောက်အအုံကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားကာ သက်သာချောင်ချိရေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ချမ်းအေးသာစံမြို့နယ် မရမ်းခြံဆိပ်ကမ်း ၂၆ B လမ်းနှင့် မန္တလေးမြို့ပတ်လမ်းတွင် ဟိုတယ်နှင့် ခရီးသွားဥာဏ်ကြားမှု ဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးနှင့် သတင်းပြန်ကြားရေးကောင်တာအဖြစ် ယာယီဖွင့်လှစ်ထားသော သုံးထပ်ရုံးအဆောက်အအုံကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



စဉ့်ကူးမြို့နယ်၌ ထရန်စဖော်မာအသစ် တပ်ဆင်ဆောင်ရွက်လျက်ရှိ

စဉ့်ကူး မေ ၃၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် မြို့တွင်းနေပြည်သူများထံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း စဉ့်ကူးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများက အမှတ်(၂)ရပ်ကွက် ကွက်သစ် အခြေခံပညာအထက်တန်းကျောင်းအနီးရှိ ထရန်စဖော်မာ အသစ်တစ်လုံးအား ယနေ့တွင် တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်

အမှတ်(၂)ရပ်ကွက် ကွက်သစ်ရှိ ထရန်စဖော်မာသည် နယ်မြေဒေသ အခြေအနေအရ ပျောက်ဆုံးပျက်စီးခဲ့ခြင်းဖြစ်ပြီး ယခုအခါ နယ်မြေတည်ငြိမ်အေးချမ်းနေပြီဖြစ်၍ အများပြည်သူ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေး ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာအား မြို့နယ် လျှပ်စစ်မန်နေဂျာရုံးဝန်ထမ်းများက အသစ်ပြန်လည်တည်ဆောက်ပေးလျက်ရှိကြောင်း၊ အဆိုပါ ထရန်စဖော်မာ တပ်ဆင်ပြီးစီးပါက လျှပ်စစ်စီးသုံးစွဲသူဦးရေ ၂၆၀ ခန့်ထံသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

တင်ဇာလွင်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ တက်ရောက်

ပဲခူး မေ ၃၀

ပဲခူးတိုင်းဒေသကြီးအတွင်းရှိတိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ တိုင်းဒေသကြီးလူငယ်စင်တာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဧနီးတို့ တက်ရောက်သည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အခြေခံစက်ချုပ်သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ အခြေခံစက်ချုပ်သင်တန်းအတွက် ခင်းကျင်းပြသထားသော သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို မေ ၁၁ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား/သင်တန်းသူ ၂၀ တက်ရောက်ကာ သင်တန်းနည်းပြ ဆရာ/ဆရာမများက



အခြေခံ လက်ပြတ် (ရင်စေ့)၊ ခေါင်းစွပ်လက်ပြတ်၊ ရင်စေ့ လက်ဆက်၊ ရင်ဖုံး လက်ဖောင်း၊ ဂျပန်ကော်လံထောင်၊ နောက်ကွဲဇစ် (ပုံစံအမျိုးမျိုး)၊ စတစ်ကော်လံ (လက်ဖောင်း(သို့)ရိုးရိုးလက်)၊ ဟာဝေယံရှပ်၊ ညဝတ်ဘောင်းဘီ၊ ချိတ်ထမီ၊ သုံးလွှာစကပ်စသည်တို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရွှေဘိုမြို့၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကျင်းပ

ရွှေဘို မေ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို မေ ၂၉ ရက်က ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ရွှေဘိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းတွင် စက်ချုပ်သင်တန်းသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံ၊ အခြေခံစက်နင်းနည်း၊ ကိုယ်တိုင်းနည်း၊ Pattern ဆွဲနည်းစသည်တို့ကို မေ ၂၉ ရက်မှ ဇွန် ၂၇ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ အထူးဆေးကုသမှုအစီအစဉ်ဖြင့် ပြည်သူများအား အခမဲ့ဆေးကုသပေး

ပုသိမ် မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများက အထူးဆေးကုသမှုအစီအစဉ်ဖြင့် ပြည်သူများအား အခမဲ့ဆေးကုသဆောင်ရွက်ပေးလျက်ရှိ



ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် လာရောက်၍ ဆေးကုသမှုခံယူသည့် ပြည်သူများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ အခမဲ့ကျန်းမာရေးစောင့်ရှောက်ဆေးကုသပေးခြင်းကို ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် မေ ၃၀ ရက်မှ ၃၁ ရက်အထိ နှစ်ရက်ကြာ ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများက ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီး(ပြန်/ဆက်)

ခရမ်းမြို့နယ်၌ မျိုးစပါးနှင့် သဘာဝမြေဩဇာများ ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ သမဝါယမဦးစီးဌာနက မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား မျိုးစပါးနှင့် သဘာဝမြေဩဇာများ ပံ့ပိုးပေးအပ်ခြင်းကို ယမန်နေ့မွန်းလွဲ ၂ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲတို့က အမှာစကားပြောကြားသည်။ ထို့နောက် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်သန္တာအောင်က သမဝါယမအသင်းအချင်းချင်း ပံ့ပိုးမှုဖြင့် မျိုးစပါးနှင့်သဘာဝမြေဩဇာပေးအပ်ခြင်းကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အသင်းလေးသင်း အသင်းသား ၂၀၀ အတွက် မျိုးစပါးနှင့် သဘာဝမြေဩဇာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်တည်ထောင်မှုဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် မေ ၃၀

ကာဂျစ်စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့၌ မေ ၂၈ ရက်က ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (Shanghai Cooperation Organization Development Bank – SCOB) တည်ထောင်မှုဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Min Liao နှင့် ကာဂျစ်စတန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Nurbek Akzholov တို့က ပူးတွဲသဘာပတိများ အဖြစ်ဆောင်ရွက်ကြပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (မူကြမ်း) ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းရရှိမှု၊ ဆက်လက်ဆွေးနွေးရန်ရှိသည့် ဘဏ်၏မူဝါဒနှင့် ရည်ရွယ်ချက်၊ ရင်းနှီးငွေ



ထည့်ဝင်မှု၊ အဖွဲ့ဝင်အဖြစ်ပါဝင်မှု၊ ဓလေးပိုင်ခွင့်၊ လုပ်ငန်းဆောင်ရွက်မှုပုံစံ၊ အုပ်ချုပ်မှုပုံစံနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်ကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် မေ ၂၉ ရက်တွင် ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (Shanghai Cooperation Organization – SCO) ၏ အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ တင်ပြမည့်တတိယအကြိမ်ညှိနှိုင်းအစည်းအဝေး

ခဲ့ ဘဏ်တည်ထောင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုနှင့် တိုးတက်မှုအခြေအနေအစီရင်ခံစာအပေါ် အစည်းအဝေးတက်ရောက်ကြသူများက ဆွေးနွေးညှိနှိုင်းကြပြီး သဘောတူကြသည်။

မေ ၂၉ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာဂျစ်စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့မှ ပြန်လည်ထွက်ခွာလာရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဝေါမြို့နယ်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဝေါ မေ ၃၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်သစ်တောဦးစီးဌာနက ဝေါမြို့နယ်အတွင်း ၂၀၂၆ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီက တမာတကေကျေးရွာနှင့် မိုးဦးစိန်ကျေးရွာသွားကားလမ်းဘေး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့်အဖွဲ့ဝင်များ၊ တက်ရောက်လာသူများအား ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးချမ်းမြေအောင်(၁)နှင့် ဝန်ထမ်းများက ပျိုးပင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် တက်ရောက်လာသူများက ပိတောက်၊ မန်ကျန်ရှား၊ ကုံကော်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ခရေစသည့် ပျိုးပင်ပေါင်း ၅၁၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)



ငွေသားမဲ့ စီးပွားရေးအဆောက်အအုံ၏ ဘေးအန္တရာယ်

စောနိုင်(အသုံးချဘောဂပေဒ)

ငွေကြေးအသုံးပြုမှုမှ ငွေသားမဲ့အခြေအနေသို့

ငွေသားမဲ့ စီးပွားရေးအဆောက်အအုံ (Cashless Economy) ဆိုသည်မှာ ငွေကြေးအပေးအယူများကို ငွေစက္ကူ၊ ငွေအကြွေစေ့များ အသုံးပြုခြင်းမရှိဘဲ အီလက်ထရောနစ် နည်းလမ်းဖြင့် ဒဂ်ျစ်တယ် အချက်အလက်များကို အသုံးပြုလုပ်ဆောင်နေသည့် စီးပွားရေး အဆောက်အအုံဟုဆိုရမည်။

ငွေကြေးမပေါ်ပေါက်မီ ရှေးကျသော ကာလများက လူသားတို့သည် ကုန်ပစ္စည်းအချင်းချင်း ဖလှယ်၍ (ဘာတာစနစ်ဖြင့်) လည်းကောင်း၊ အခြားသောနည်းလမ်းများကိုအသုံးပြု၍ လည်းကောင်း ငွေသားမဲ့ (မရှိ)သော လူ့အဖွဲ့အစည်းများကို ဖြတ်သန်းခဲ့ကြ၏။ နောက်ပိုင်းတွင် ကြားခံဖလှယ်ရေးကိရိယာအမျိုးမျိုးကို စမ်းသပ်အသုံးပြုခဲ့ပြီးနောက် ငွေကြေးကို ကြားခံအရာအဖြစ် တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။

အိုင်စီတီနည်းပညာ ထွန်းကားလာသည့် ယနေ့ကာလတွင် ခရက်ဒစ်ကတ်များ၊ ဒက်ဘစ်ကတ်များ၊ မိုဘိုင်းငွေပေးချေမှုများနှင့် ဘစ်ကွိုင် (bitcoin) ကဲ့သို့သော ဒစ်ျစ်တယ်ငွေကြေးများကို အသုံးပြုလျက် အသွင်အမျိုးမျိုးဖြင့် ငွေသားမဲ့စီးပွားရေးများ ဖန်တီးလာနေကြသည်ကို တစ်ကျော့ပြန် တွေ့လာရသည်။

ငွေသားပေးချေမှုနှင့် ဒစ်ျစ်တယ်ပေးချေမှု

စီးပွားရေးအဆောက်အအုံထဲတွင် ငွေသားကလုံးလုံးလျားလျားကိုယ်ပျောက်တော့မည်လော။ ပိုက်ဆံအိတ်ကိုင်သွားစရာမလိုသော၊ လုယက်ခံရမည့် ဘေးအန္တရာယ် စိုးရိမ်စရာမလိုသော၊ ဒစ်ျစ်တယ် ပလတ်စတစ်ကတ်ပြားပါးပါးလေးကို အသုံးပြု၍ ကိန်းဂဏန်းနံပါတ်များနှိပ်ရုံမျှဖြင့် စီးပွားရေးအဆောက်အအုံထဲ၌ ငွေကြေးအပေးအယူ အလုပ်ဖြစ်သော အခြေအနေဖြစ်လာသည်။ ယေဘုယျအားဖြင့် လူသားအားလုံး၏ နေ့စဉ်လူနေမှုဘဝများကို ပိုမိုလွယ်ကူချောမွေ့နေသည်ဟု သုံးသပ်ရမည်။ ဤသို့ဆိုလျှင် စီးပွားရေးအဆောက်အအုံအတွင်း နေ့စဉ် လုပ်ဆောင်မှုများ၌ ငွေကြေးလိုအပ်တော့မည်မဟုတ်။ ငွေသားကိုလည်း မြင်ရတော့မည်မဟုတ်ပေ။

တစ်ဖက်တွင် ဈေးကွက်အတွင်း အရောင်းအဝယ်အားလုံးကို ဒစ်ျစ်တယ် ပေးချေမှုနည်းလမ်းဖြင့် လုပ်ဆောင်ရန် စိတ်ဝင်စားမှုများရှိနေကြစဉ် နေ့စဉ် ငွေကြေးအပေးအယူကိစ္စများ၌ ငွေသားကို ဖယ်ရှားခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို ရုပ်စမ်းလေ့လာလျက်ရှိနေကြသည်။ ငွေကြေး၏ ဥပဒေနှင့်ညီညွတ်သော လုပ်ဆောင်မှုများနှင့် ပတ်သက်၍လည်း ဆွေးနွေးကြည့်ကြသည်။ တရားဝင်ငွေကြေးကို ဥပဒေများ ပြဋ္ဌာန်းသတ်မှတ်၍ သုံးစွဲနေကြခြင်းဖြစ်သည်။ ငွေသားကိုသာ ငွေကြေးအဖြစ် အသိအမှတ်ပြုသည်။ အချို့သောသူတို့က ဘဏ်စာရင်းလက်ကျန်ကို ငွေကြေးဟု ထင်ကောင်းထင်နိုင်သည်။ သို့သော် မဟုတ်ပေ။ ဘဏ်စာရင်းလက်ကျန်သည် တရားဝင်သုံးစွဲနေသည့် ငွေကြေးထဲမှ ဥပဒေနှင့်အညီ ဖယ်ထုတ်ထားသော အဆင့်တစ်ဆင့်ဖြစ်သည်ဟု ထောက်ပြကြသည်။

ငွေသားအခြေခံနှင့် ငွေကြေးပမာဏ

အမေရိကန်နိုင်ငံတွင် ဒေသအလိုက် ဗဟိုဘဏ် (the Fed) ၁၂ ဘဏ်ရှိသည်။ ဘဏ်များအားလုံးက ၎င်းတို့၏ မီးခံသေတ္တာခန်းများထဲတွင် အနည်းဆုံး ဘဏ်၏ သီးသန့်အရန်ငွေဖြင့် မဟုတ်ဘဲ ဘဏ်မှထုတ်ချေးသော ချေးငွေများဖြင့် ဖန်တီးဖွဲ့စည်းထားခြင်းဖြစ်သည်။ ဘဏ်များက ချေးငွေထုတ်ချေးသည့်အခါ သက်ဆိုင်သူ၏ ငွေစာရင်းသို့ ငွေကြေးများ ဝင်ရောက်သွားပြီး ထိုမှတစ်ဆင့် စီးပွားရေးအဆောက်အအုံထဲသို့ရောက်ရှိလည်ပတ်နေခြင်းဖြစ်သည်။

အတွေ့အကြုံ

၂၀၂၃ ခုနှစ် ဇူလိုင်လအထိ အမေရိကန်ပြည်ထောင်စုရှိ ငွေကြေးငွေသားအခြေခံသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ထရီလီယံရှိသည်။ ထိုအခြေအနေတွင် ငွေကြေးပမာဏ M3 (M2 နှင့် ပမာဏများပြားသည့်အချိန်ဆိုင်း အပ်ငွေများပါဝင်သည်) ၂၀ ဒသမ ၉ ထရီလီယံရှိနေသည်။ အကယ်၍ ငွေထုတ်ယူမှု ကန့်သတ်မှုအခက်အခဲများမှလည်းကောင်း ကာကွယ်ပေးနိုင်သည်။ လက်ထဲတွင် ငွေသားကိုင်ထားသူက အရေးပေါ်ကိစ္စများအတွက် လိုအပ်လာပါက ၎င်း၏လက်ထဲတွင်ရှိနေသည့် ငွေပမာဏအပေါ်မူတည်၍ အခြေအနေအရပ်ရပ်ကို ချွင့်ချိန်လုပ်ဆောင်နိုင်သည်။ အကြောင်းတစ်စုံတစ်ရာကြောင့် ဘဏ်များက စာရင်းပိတ်ခြင်း၊ ဖယ်ရှားခြင်းတို့ပြုလုပ်လာပါက လည်း ငွေအပ်နှံထားသူအနေဖြင့် အခက်အခဲများ ဖြစ်လာနိုင်သည်ကို လက်တွေ့ အခြေအနေများက သက်သေပြလျက်ရှိနေသည်။

အကောင်းအဆိုး

အီလက်ထရောနစ် နည်းလမ်းများ အသုံးပြု၍ ငွေသားမဲ့လည်ပတ်ရေးချယ်အသုံးပြုမှုနည်းလမ်း မတူညီမှုကြောင့် အခက်အခဲများဖြစ်ပေါ်လာနိုင်ခြင်း စသည်ဖြင့် ပြဿနာသစ်များ၊ ခက်ခဲမှုအသစ်များလည်း ပေါ်ထွက်လာနိုင်သည်။

မည်သို့ပင်ရှိစေကာမူ ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံများရှိ ဗဟိုဘဏ်များက ၎င်းတို့ထိန်းချုပ်နိုင်မည့် ဒစ်ျစ်တယ် ငွေကြေးစနစ်များ ထူထောင်ရန် အစီအစဉ်များ ရေးဆွဲလျက်ရှိသည်။ ထိုအခြေအနေတွင် သက်ဆိုင်ရာ နိုင်ငံ၏အခြားသောကဏ္ဍများမှ ပူးပေါင်းဆောင်ရွက်မှုများလည်း လိုအပ်သည်ဟု ထောက်ပြကြသည်။ အဘယ်ကြောင့် ဆိုသော် ငွေသားကိုင်တွယ်စရာမလိုဘဲ ငွေပေးငွေယူ ပြုလုပ်နိုင်သည့် အီလက်ထရောနစ်ငွေကြေးစနစ်က နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အတွက် အန္တရာယ်အလွန်များသောကြောင့် ဖြစ်သည်။ ထိုစနစ်ကိုကျင့်သုံးသည့် စီးပွားရေးအဆောက်အအုံများတွင် ဗြိတိန်နိုင်ငံ ရေးသမား နိုင်ဂျယ်ဖာရာအပေါ် ဗြိတိန်ဘဏ်စနစ်ကပြုလုပ်ခဲ့သည့် အခြေအနေမျိုး တစ်ချိန်မဟုတ်တစ်ချိန် ပေါ်ပေါက်လာနိုင်ပေသည်။

ကိန်းဂဏန်း ခလုတ်နှိပ်ရုံမျှဖြင့် ကိုယ်ပိုင်ငွေကြေးများအပေါ် အကျိုးဆက်များရှိလာနိုင်သော၊ နေ့စဉ်ဘဝရှင်သန်မှုအပေါ် သက်ရောက်မှုများဖြစ်လာနိုင်သော ငွေသားမဲ့စီးပွားရေးစနစ်သည် လောကသဘာဝအတိုင်း အကောင်းအဆိုး ရောပြွမ်းလျက်ရှိနေသည်။

ခွဲခြမ်းစိတ်ဖြာ ဆင်ခြင်သုံးသပ်

စွမ်းရည်မြင့် ဒစ်ျစ်တယ်ငွေကြေးစနစ်ကြောင့် လူသားတို့၏ အရေးအရာကိစ္စများအပေါ် သက်ရောက်လာနိုင်သည့် အကောင်းအဆိုး အကျိုးဆက်များကို မည်သို့ခွဲခြမ်းစိတ်ဖြာ သုံးသပ်ကြမည်နည်း။ ဒစ်ျစ်တယ်ငွေကြေးစနစ်သည် လူတို့၏ နေ့စဉ်စီးပွားရေး၊ လူမှုရေးအသုံးပြုမှုများ၌ အထောက်အကူများစွာဖြစ်စေသဖြင့် အဆင့်မြင့်သည်ထက် မြင့်လာစေရန် ကျွမ်းကျင်သူများက အဆက်မပြတ် တီထွင်ကြံဆလုပ်ဆောင်လျက်ရှိ၏။

အခြားတစ်ဖက်တွင် အဆင့်မြင့်နည်းပညာကြောင့် ဖြစ်လာနိုင်သည့် အွန်လိုင်းလိမ်လည်မှုများ၊ နိုင်ငံသားတို့၏ လွတ်လပ်မှုထိခိုက်စေသည့် ဖြစ်နိုင်ခြေများ စသည်ဖြင့် အန္တရာယ်များ၊ အားနည်းချက်များလည်း ရှိလာနေသဖြင့် ကောင်းကျိုး၊ ဆိုးကျိုး၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို လေ့လာသုံးသပ်၍ အတိုင်းအတာတစ်ခုအထိသာ အကောင်အထည်ဖော် လုပ်ဆောင်သင့်သည်ဟု ထင်မြင်သုံးသပ်မှုများလည်း ရှိနေပေသည်။

ကိုးကား။ ။ www.eurasiareview.com

■

❖ အီလက်ထရောနစ်နည်းလမ်းများ အသုံးပြု၍ ငွေသားမဲ့ လည်ပတ်လုပ်ဆောင်နေသော စီးပွားရေးအဆောက်အအုံထဲတွင် လုပ်ငန်းဆိုင်ရာ ဘေးအန္တရာယ်နှင့် ကုန်ကျစရိတ် လျော့ချနိုင်ခြင်း၊ ငွေသားမှတစ်ဆင့် ဖြစ်လာနိုင်သည့် ကူးစက်ရောဂါများ နည်းပါးလာခြင်း၊ စီးပွားရေးလုပ်ငန်း အရောင်းအဝယ်ကိစ္စများ လျင်မြန်လာနိုင်ခြင်း၊ ရာဇဝတ်မှုများ လျော့ချနိုင်ခြင်း၊ ငွေကြေးနှင့် စီးပွားရေးဆိုင်ရာ အချက်အလက်များ စုဆောင်းရပိုမိုလွယ်ကူလာခြင်း၊ နေ့စဉ် ငွေကြေးသုံးစွဲမှု လျင်မြန်လွယ်ကူခြင်း စသည့်ကောင်းကျိုးများရှိ

❖ အခြားတစ်ဖက်တွင် ကိုယ်ရေးကိုယ်တာကိစ္စများ ထိန်းသိမ်းမှုခက်ခဲလာခြင်း၊ ဘဏ်အသုံးပြုမှုနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသော ဆင်းရဲနွမ်းပါးသူများ အခက်အခဲများရှိလာခြင်း၊ အွန်လိုင်း လိမ်လည်မှုများဖြစ်လာနိုင်ခြင်း၊ ရွေးချယ်အသုံးပြုမှုနည်းလမ်း မတူညီမှုကြောင့် အခက်အခဲများဖြစ်ပေါ်လာနိုင်ခြင်း စသည်ဖြင့် ပြဿနာသစ်များ၊ ခက်ခဲမှုအသစ်များလည်း ပေါ်ထွက်လာနိုင်သည်



အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများနှင့် နည်းပြ/အုပ်ချုပ်သူများအား သက်ဆိုင်ရာသင်တန်းစခန်းအသီးသီးသို့ ပြန်လည်ပို့ဆောင်

နေပြည်တော် မေ ၃၀

တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၉)ကို မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်းနှင့် မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်းတို့တွင် လည်းကောင်း၊ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀)ကို ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင် သင်တန်းစခန်း၊ မြစ်ကြီးနား သင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ လွိုင်ကော် သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ မုံရွာသင်တန်းစခန်း၊ ဟူမ္မလင်းသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာ သင်တန်းစခန်း၊ နေပြည်တော် သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်း၊ ပြည် သင်တန်းစခန်း၊ မန္တလေးသင်တန်း စခန်းနှင့် ကိုကိုးကျွန်းသင်တန်း စခန်းတို့တွင် လည်းကောင်း စုစုပေါင်း သင်တန်းသား ၁၀၄၄ဦး ဖြင့် ဇူလိုင် ၂၇ ရက်မှ မေ ၂၉ ရက် အထိ ရက်သတ္တ ငါးပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး ယနေ့တွင် သက်ဆိုင်ရာ သင်တန်းစခန်းများသို့ နည်းပြ/အုပ်ချုပ်သူများ၊ ဆရာ ဆရာမများနှင့်အတူ တပ်မတော် လေယာဉ်မော်တော်ယာဉ်များဖြင့် ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ သင်တန်းသားများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အုပ်ထိန်းသူမိဘများထံ စနစ်တကျပြန်လည်အပ်နှံခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တောင်ကြီးမြို့၌ နွေရာသီအခြေခံ ကွန်ပျူတာ၊ အင်္ဂလိပ်စာ သင်တန်းဆင်းပွဲကျင်းပ

တောင်ကြီး မေ ၃၀

တောင်ကြီးမြို့ လူထုအခြေပြု ဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ဒုတိယအကြိမ် နွေရာသီအခြေခံ ကွန်ပျူတာ၊ အင်္ဂလိပ်စာ သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နုနုခမ်းလှက အမှာစကားပြောကြားသည်။ထို့နောက် ကွန်ပျူတာသင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် သင်တန်းသားများအား ပြည်နယ်လူမှုရေးရာဝန်ကြီးက လည်းကောင်း၊ အင်္ဂလိပ်စာသင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် သင်တန်းသူများအား ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုင်းဝမ်းလှိုင်းတစ်ပိတ်က လည်းကောင်း၊ သင်တန်းများတွင် နည်းပြအဖြစ် ကူညီဆောင်ရွက်ပေးခဲ့သည့် နည်းပြများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှမ်းပြည်နယ် ဦးစီးမှူး ဦးဖိုးညွန့်ရွှေက လည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဒုတိယအကြိမ် နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ သင်တန်းကို နည်းပြဆရာ နှစ်ဦးက မေ ၁၁ ရက်မှ ၂၉ ရက်အထိ သင်တန်းသား သင်တန်းသူ ၃၃ဦးအား စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

မင်းသန့်(ပြန်/ဆက်)



နမ့်စန်မြို့၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

နေပြည်တော် မေ ၃၀

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာ ဦးစီးဌာနအောက်ရှိအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် မေ ၂၅ ရက်မှစ၍ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေ အပါအဝင် ပိတ်ရက်မရှိ သတ်မှတ်၍ ကျောင်းအပ်နှံမှုလက်ခံခြင်းများ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့တွင် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်) ကျောင်းခန်းမ၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကား ပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများက ကျောင်းလာရောက်အပ်နှံသည့် မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံး စာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရေးမြို့နယ်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ ကျင်းပ

ရေး မေ ၃၀

မွန်ပြည်နယ် ရေးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပညာရုတနာ ခန်းမဆောင်၌ ကျင်းပသည်။



ရှင်းလင်းပြောကြား

ဦးစွာ ရေးမြို့နယ်(ခေတ္တ) တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ကျော်သူဝင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ရေးမြို့နယ် ပညာရေးမှူး ဦးသန်းထွန်းက ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပခြင်း ရည်ရွယ်ချက်နှင့် ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေသည့် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံတို့ကို ကျောင်းသား ကျောင်းသူတစ်ဦးချင်း ပေးအပ်သည်။

ရေးမြို့နယ်အနေဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံခြင်းကို မေ ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၃၄၉၃၆ ဦး လက်ခံဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ရှင်းသန့်ဖြူ



လွိုင်ကော်မြို့နယ် လောပိတစ်ပြကျေးရွာ စိန်တလုံးကျောင်းတိုက်၌ တိုက်ပွဲရှောင်နေရပ်ဖွန့်ခွာ(လွိုင်ကော်၊ ဒီးမေ့ဆို့၊ ဘော်လခဲ၊ ဖျဆို့၊ ဖားဆောင်း)ငါးမြို့နယ်တို့မှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် နှင့် UID ကတ်များကို မေ ၃၀ ရက်က ကွင်းဆင်းဆောင်ရွက်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်း၊ ဦးစိုးရယ် နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ ကျော်ဆန်း

နတ်တလင်းမြို့နယ်၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ ကျင်းပ

နတ်တလင်း မေ ၃၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နတ်တလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း မနောဟဒယခန်းမ၌ ကျင်းပသည်။

ဦးစွာ နတ်တလင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦး အောင်တို့က အမှာစကား ပြောကြားသည်။



ထို့နောက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသည့် ကျောင်းသုံး ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ကျောင်းဝတ်စုံများ၊ ခဲတံနှင့် ဘောပင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ အီဘိုလာရောဂါကူးစက်ခံထားရသည့် လူနာတစ်ဦး ပြန်လည်ကောင်းမွန်လာ

ကင်ရှာဆာ မေ ၃၀

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ အီဘိုလာရောဂါကူးစက်ခံထားရသည့် လူနာတစ်ဦး ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

ၘင်းသည် ရောဂါမှ ပထမဆုံးပြန်လည်ကောင်းမွန်လာသူဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

မေ ၂၇ ရက်တွင် ၘင်းလူနာသည် ရောဂါမှ သက်သာလာပြီး ဆေးရုံမှဆင်းကာ ၘင်း၏နေအိမ်သို့ ပြန်သွားခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ အန်နာအစ် လီဂန်က သတင်းထောက်များအား ပြောကြားခဲ့သည်။

ၘင်းသည် အတည်ပြုထားသော အီဘိုလာလူနာများကြားတွင် ပထမဆုံး ပြန်လည်ကောင်းမွန်လာသူဖြစ်ကြောင်း ၘင်းက ဆက်လက်ပြောကြားခဲ့သည်။

ကွန်ဂိုနှင့် အိမ်နီးချင်းနိုင်ငံများ၏ ကျန်းမာရေးအာဏာပိုင်များက ကာကွယ်ဆေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေရုံသာမက ဗိုင်းရပ်စ် Bundibugyo မျိုးကွဲ၏ နောက်ဆုံးဖြစ်ပွားမှုကို ထိန်းချုပ်ရန် လုပ်ဆောင်နေကြသည်။

ရောဂါပိုးကြောင့် သေဆုံးမှုနှုန်း ၅၀ ရာခိုင်နှုန်းအထိ ရှိနိုင်ကြောင်း သိရသည်။

ကိုးကား – စီဂျီတီအင်ဒန်၊ ဘာသာပြန် – အောင်ကျော်ကျော်



ဂျပန်နိုင်ငံ၏ လူဦးရေမှာ ၁၂၃ သန်းကျော်ရှိပြီး ငါးနှစ်တာကာလအတွင်း အကြီးမားဆုံး လူဦးရေလျော့ကျမှုအဖြစ် မှတ်တမ်းတင်

တိုကျို မေ ၃၀

ဂျပန်နိုင်ငံ၏ နောက်ဆုံး လူဦးရေသန်းခေါင်စာရင်းအချက်အလက်များအရ နိုင်ငံ၏ လူဦးရေမှာ ၁၂၃ သန်းကျော်သာရှိပြီး ငါးနှစ်တာကာလအတွင်း အကြီးမားဆုံး လူဦးရေလျော့ကျမှုအဖြစ် မှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

ဂျပန် ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ၂၀၂၅ ခုနှစ် အမျိုးသား သန်းခေါင်စာရင်း၏ ပဏာမအချက်အလက်များကို ယမန်နေ့က ထုတ်ပြန်ခဲ့သည်။ ဂျပန်နိုင်ငံသည် ၁၉၂၀ ပြည့်နှစ်မှစတင်၍ ငါးနှစ်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူခဲ့သည်။

နောက်ဆုံး စစ်တမ်းအရ ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၁ ရက်အထိ လူဦးရေမှာ ၁၂၀၄၉၂၅၄ ဦးရှိကြောင်း ဖော်ပြထားသည်။

ယင်းအရေအတွက်မှာ ၂၀၂၀ ပြည့်နှစ် သန်းခေါင်စာရင်းနှင့် နှိုင်းယှဉ်ပါက ၃၀၉၆၅၇၅ ဦး လျော့နည်းသွားခဲ့ပြီး ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်း ဖြစ်သည်။



လူဦးရေလျော့ကျမှုကို ၂၀၁၅ ခုနှစ်တွင် ပထမဆုံးအကြိမ် မှတ်တမ်းတင်ခဲ့ပြီးနောက် ယခုအကြိမ်သည် သုံးကြိမ်ဆက်တိုက် လျော့ကျမှုဖြစ်လာခဲ့သည်။

နိုင်ငံအတွင်းရှိ ပြည်နယ်နှင့် ဒေသ ၄၇ ခုအနက် နှစ်ခုတွင်သာ လူဦးရေတိုးလာခဲ့သည်။ တိုကျိုတွင် လူဦးရေ ၁၉၉၀၀၀ တိုးလာခဲ့ပြီး အိုကီနာဝါတွင် ၁၀၀၀ တိုးလာခဲ့သည်။ သို့သော် ဒေသနှစ်ခုစလုံးတွင် လူဦးရေတိုးနှုန်းမှာ နေ့နေ့ကွေးခဲ့သည်။

ကျန်ရှိသည့် ဒေသ ၄၅ ခုတွင် လူဦးရေလျော့ကျမှုများ ဖြစ်ပေါ်ခဲ့သည်။ ဟော့ကိုင်ဒိုးတွင် လူဦးရေ ၂၃၉၀၀၀ ဖြင့် အများဆုံး လျော့ကျခဲ့သည်။ ထို့နောက် ရှင်ဇူအိုကာနှင့် ဟီယိုကို ဒေသတို့တွင် လူဦးရေ ၁၆၄၀၀၀ နှင့် ၁၄၁၀၀၀ စီ အသီးသီး လျော့ကျခဲ့ကြသည်။

အမြင့်ဆုံးအရေအတွက်ဖြစ်

အိမ်ထောင်စုအရေအတွက်မှာ ၅၇၁၂၄၅၅၀၇ ခု ရှိလာခဲ့ပြီး ယခင်သန်းခေါင်စာရင်းနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၂၉၄ သန်းခန့် တိုးလာခဲ့သည်။ အဆိုပါအရေအတွက်မှာ အချက်အလက်များ စတင်ကောက်ခံသည့် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း အမြင့်ဆုံးအရေအတွက် ဖြစ်သည်။

သို့သော် အိမ်ထောင်စုတစ်စုလျှင် လူဦးရေ ပျမ်းမျှမှာ ၂ ဒသမ ၂၆ ဦးမှ ၂ ဒသမ ၁၅ ဦးအထိ ကျဆင်းလာခဲ့သည်။ ပြည်ထဲရေးဝန်ကြီးဌာနက သက်ကြီးရွယ်အိုများ တစ်ဦးတည်းနေထိုင်သည့် အိမ်ထောင်စုများ ပိုမိုများပြားလာခြင်းကြောင့်ဖြစ်နိုင်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။

နောက်ဆုံး အတည်ပြုစာရင်းများကို စက်တင်ဘာလတွင် ထုတ်ပြန်သွားရန် စီစဉ်ထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကိုးကား – အင်နိုအိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

မစ်ဆူဘီရှိကားကုမ္ပဏီက အမေရိကန်ရှိ Nissan Motor ကုမ္ပဏီ၏ စက်ရုံများတွင် မော်တော်ယာဉ်များ ထုတ်လုပ်မည်

တိုကျို မေ ၃၀

ဂျပန်မော်တော်ကားကုမ္ပဏီ Mitsubishi Motors က အမေရိကန်ရှိ Nissan Motor ကုမ္ပဏီ၏ စက်ရုံများ၌ မော်တော်ယာဉ်များ ထုတ်လုပ်မည်ဖြစ်ကြောင်း ယနေ့ ကြေညာခဲ့သည်။

အမေရိကန်နိုင်ငံက မစ်ဆူဘီရှိကားကုမ္ပဏီအတွက် အဓိကဈေးကွက်ဖြစ်သည်။ သို့သော် အမေရိကန်နိုင်ငံအတွင်း၌ ထုတ်လုပ်မှုစက်ရုံမရှိသည့်အတွက် မော်တော်ကားများကို ဂျပန်နိုင်ငံမှ တင်သွင်းရသည်။

ယင်းသို့ တင်သွင်းရာတွင် သမ္မတ ထရမ့် အစိုးရ၏ သွင်းကုန်ခွန်များ တိုးမြှင့်ခြင်းကြောင့် မစ်ဆူဘီရှိကားကုမ္ပဏီအနေဖြင့် ၎င်း၏ အကျိုးအမြတ်အများအပြားကို ထိခိုက်စေခဲ့သည်။

မြင့်မားသော အခွန်အခကောက်ခံမှုကြောင့် ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှု အမြတ်ငွေသည် ၂၀၂၅ ဘဏ္ဍာနှစ်တွင် ယန်း ၄၇ ဘီလီယံ (သို့) အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့် လျော့ကျသွားခဲ့ကြောင်း သိရသည်။

အမေရိကန်ရှိ Nissan စက်ရုံများတွင် ထုတ်လုပ်သည့် မော်တော်ကားများကို မစ်ဆူဘီရှိအမှတ်တံဆိပ်အောက်တွင် ရောင်းချမည်ဖြစ်သည်။ မစ်ဆူဘီရှိကုမ္ပဏီက အမေရိကန်ပြည်ထောင်စုတွင် ဝယ်လိုအား အကောင်းဆုံးဖြစ်သည့် ပစ်ကပ်ထရပ်ကားများကို ထုတ်လုပ်သွားမည်ဖြစ်သည်။

Nissan ကုမ္ပဏီအနေဖြင့် ၎င်း၏ အမေရိကန်နိုင်ငံအတွင်းရှိ စက်ရုံများကို ပိုမိုထိရောက်စွာ လုပ်ငန်းလည်ပတ်နိုင်မည်ဖြစ်သည်။ အဆိုပါစက်ရုံများသည် ရောင်းအားကျဆင်းမှုကြောင့် လုပ်ငန်းလည်ပတ်မှုနှုန်းများလည်း ကျဆင်းလျက်ရှိသည်။

ကိုးကား – အင်နိအိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

နိုင်ဂျီးရီးယားနှင့် အမေရိကန်တပ်ဖွဲ့တို့ အကြမ်းဖက်မှု ပူးပေါင်းနှိမ်နင်းရေးပြုလုပ်ခဲ့ရာ အိုင်အက်စ်တပ်ဖွဲ့ဝင် ၁၇၅ ဦး သေဆုံး

အဘူဂျာ မေ ၃၀

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းတွင် နိုင်ဂျီးရီးယားနှင့် အမေရိကန်တပ်ဖွဲ့တို့ အကြမ်းဖက်မှု ပူးပေါင်းနှိမ်နင်းရေးတစ်ရပ် ပြုလုပ်ခဲ့ရာ အိုင်အက်စ်တပ်ဖွဲ့ဝင်များနှင့် ထိပ်တန်းတပ်မှူး စုစုပေါင်း ၁၇၅ ဦး သေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယားတပ်မတော်က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ ပူးပေါင်းလေကြောင်းနှင့် မြေပြင် တိုက်ခိုက်မှုများသည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့အတွက် ကြီးမားသော ထိုးနှက်ချက်ဖြစ်ကြောင်း နိုင်ဂျီးရီးယား စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဆမ်မီလာ ယူဘာက ပြောကြားခဲ့သည်။

ထို့ပြင် အိုင်အက်စ်စစ်ဆေးရေးဂိတ်များ၊ လက်နက်သိုလှောင်ရုံများ၊ ထောက်ပံ့ပို့ဆောင်ရေးစင်တာများ၊ စစ်လက်နက်ပစ္စည်းများနှင့် ဘဏ္ဍာရေးကွန်ရက်များကို ဖျက်ဆီးခဲ့ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သေဆုံးသူများတွင် အိုင်အက်စ် ထိပ်တန်းတပ်မှူး အဘူ-ဘီလာအယ်လ်မင်နူကီ အပါအဝင် ထိပ်တန်းတပ်မှူး အများအပြားလည်း သေဆုံးခဲ့ကြောင်း သိရသည်။

အိုင်အက်စ် ထိပ်တန်းတပ်မှူး အဘူ-ဘီလာအယ်လ်မင်နူကီသည် အကြမ်းဖက်ဒွေကြေးထောက်ပံ့မှု၊ စုဆောင်းမှု၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်ရန် စီစဉ်မှုအပါအဝင် အိုင်အက်စ်ပြင်ပစစ်ဆင်ရေးများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ၎င်းသေဆုံးမှုကြောင့် အကြမ်းဖက်အဖွဲ့၏ ကွပ်ကဲမှုဖွဲ့စည်းပုံ၊ စစ်ဆင်ရေးညှိနှိုင်းဆောင်ရွက်မှုနှင့် ပြင်ပ တိုက်ခိုက်မှုကွန်ရက်များ ဆောင်ရွက်ရန် အင်အားလျော့နည်းသွားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယား စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဆမ်မီလာ ယူဘာက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားနှင့် အမေရိကန်တို့အကြား မကြာသေးမီက ဖွဲ့စည်းထားသော အကြမ်းဖက်မှု နှိမ်နင်းရေးနှင့် ထောက်လှမ်းရေး သတင်းအချက်အလက်မျှဝေမှု ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များသည် ဒေသတွင်း လုပ်ဆောင်နေသော အကြမ်းဖက်ကွန်ရက်များကို တိုက်ခိုက်ရန် ရည်ရွယ်လျက်ရှိကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိ ပြည်ပနိုင်ငံသား ၁၂ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



နေပြည်တော် မေ ၃၀

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့နယ်နားကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အီသီယိုးပီးယားနိုင်ငံသား ခြောက်ဦး၊ အိန္ဒိယနိုင်ငံသား သုံးဦး၊ တရုတ်နိုင်ငံသား နှစ်ဦးနှင့် ကင်ညာနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၂ ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဧနှစ်ပတ်ရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၃၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်း နှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၈၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အကဉ်ပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အပြစ်ပေး အရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၁၈ ဦး တို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင် လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ



မကွေး မေ ၃၀

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေအရာရှိကြီးများ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ ပါမောက္ခဦးလှအောင်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအေးလွင်က လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဥပဒေအရာရှိကြီးများက အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၏ ပြောကြားချက်များကို ပြန်လည်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



အုတ်ဖိုမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

အုတ်ဖို မေ ၃၀

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်သစ်တောဦးစီးဌာနက ယမန်နေ့တွင် အထက အုတ်ဖိုကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုး၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးငွေစိုးနှင့် အခမ်းအနားတက်ရောက်လာသူများက ပျဉ်းကတိုးနှစ်ပင်၊ ငုဒ္ရေတါ ၁၅ ပင်၊ ကုံကော် ၁၄ ပင်၊ မန်ကျန်ရှား ၂၆ ပင်၊ အာဆီယံသပြေ ရှစ်ပင်၊ ခရေ ၂၄ ပင် စုစုပေါင်း ၈၉ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ အောင်သူ(အုတ်ဖို)

မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှုပ်ရုံး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ



မန္တလေး မေ ၃၀

ပြည်တွင်းအခွန်များ ဦးစီးဌာန မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှုပ်ရုံး၌ ဝန်ထမ်းများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာဗဟုသုတ တိုးပွားစေရန်နှင့် အရေးပေါ်အခြေအနေများ ဖြစ်ပွားလာပါက စနစ်တကျ တုံ့ပြန် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြမှု ပြုလုပ်ခြင်းကို မေ ၂၉ ရက် မွန်းလွဲပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။

မီးဘေးလုံခြုံရေး လက်တွေ့သရုပ်ပြပွဲ ဆောင်ရွက်ရာတွင် ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီထွေးဦးက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ မီးငြိမ်းသတ်နည်းစနစ်များနှင့် မီးသတ်ဆေးဘူး စနစ်တကျ ကိုင်တွယ် အသုံးပြုနည်းများကို လက်တွေ့ ရှင်းလင်းသရုပ်ပြသကာ၊ မီးလောင်မှုဖြစ်ပွားပါက အချိန်မီ လျင်မြန်မှန်ကန်စွာ တုံ့ပြန်ငြိမ်းသတ်နိုင်ရေးအတွက် ဝန်ထမ်းများအား ကိုယ်တိုင် လက်တွေ့ မီးငြိမ်းသတ်ခြင်းများကို လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)



ကျိုက်မရောမြို့နယ်၌ အခွန်ဆိုင်ရာပညာပေး ဆွေးနွေး

ကျိုက်မရော မေ ၃၀

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၏ အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟင်္သာခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကျိုက်မရောမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဝင်းနိုင်က ၂၀၂၆ ခုနှစ်အတွက် အခွန်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည်သူများဗဟုသုတရရှိစေရေးနှင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပညာပေး ဆွေးနွေးပြီး အခွန်ထမ်းပြည်သူများ၏ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။ ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်



ဟင်္သာတ မေ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ မေ ၃၀ ရက်က ဟင်္သာတမြို့နယ်ရှိ ရပ်ကွက်များသို့ ကွင်းဆင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင် ဦးဆောင်သော အဖွဲ့များက မြို့ပေါ်ရပ်ကွက်များအတွင်းရှိ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများသို့ အဖွဲ့ ၃၀ ဖွဲ့ ခွဲ၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သထုံမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

သထုံ မေ ၃၀

မွန်ပြည်နယ် သထုံမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို မေ ၃၀ ရက်က သထုံခရိုင် ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှလွင်မြေးက ပြည်သူ့စကားဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်များကို လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာငြိမ်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို လည်းကောင်း၊ မြို့နယ်စာရေးဆရာများအသင်း ဥက္ကဋ္ဌ ဒေါ်ခင်သီတာလှိုင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စာပေဗဟုသုတများမှာမှသည် အသိညာဏ်ဖွံ့ဖြိုးရေးနှင့် လူမှုဝန်းကျင်ဖွံ့ဖြိုးရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလောင်းကစား လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော အဆောက်အအုံများ မဖြိုဖျက်မီ (ဝဲပုံ)နှင့် ဖြိုဖျက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၁၈ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် မေ ၃၀

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်း၍ လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများကို အသုံးပြု၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံကျူးလွန်ခြင်းမပြုနိုင်စေရေးတို့အတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိတရားမဝင်လေးထပ်လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ကို အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် လေးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၁၈ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၉ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

ညွှန်ကြားဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ဘားအံမြို့တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

ဘားအံ မေ ၃၀

ကရင်ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ကျင်းပသော (၂၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ လူငယ်စင်တာတွင် ကျင်းပသည်။

ပြိုင်ပွဲတွင် ဘားအံခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများ စုစုပေါင်း ၁၅ ကျောင်းတို့မှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၃ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၁ ဦး၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ စုစုပေါင်းပြိုင်ပွဲဝင် ၅၀ တို့က သတ်မှတ်ခေါင်းစဉ်များအလိုက် စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသူများအား ၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသားနှင့်ပေါင်းသင်းနေထိုင်စေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ချမှတ်

နေပြည်တော် မေ ၃၀

လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်နေ မလပြည့်ဝန်းဆိုသူအား တရုတ်နိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်စေပြီး ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံခရီးတ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာချစ်ပိုပိုဖိုး(ခ)ဝမ်မရီ (၂၂)နှစ် (ဘ) ဦးစိုးလွင် တိုက်(၄) အခန်း(၄၀၁) ကျန်စစ်မင်း အိမ်ရာ ရာဇကုမာရလမ်း အမှတ်(၈)ရပ်ကွက် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် နေသူသည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နေ မလပြည့်ဝန်းဆိုသူအား တရုတ်အမျိုးသားနှင့် လက်ထပ်ပါက တင်တောင်းငွေ ကျပ်သိန်း ၂၅၀ ခန့်ရရှိမည်၊ လစဉ် ငွေကျပ် ၁၀ သိန်း ရရှိမည်ဟုပြောဆို စည်းရုံး၍ ချိုက်မင်ဝေး (တရုတ်နိုင်ငံသား) (၃၃)နှစ် သံရည်ကျိစက်ရုံလုပ်သား ဟူပေ ပြည်နယ် တရုတ်နိုင်ငံနေသူနှင့် မကျဲကျဲ(ခ) ဟွမ်လုံဖန်း(ချိုက်မင်ဝေး၏အစ်မ) တို့နှင့် မိတ်ဆက်ပေးပြီး တင်တောင်းငွေကျပ်သိန်း ၂၅၀ နှင့် လစဉ်ထောက်ပံ့ကြေး ငွေကျပ် သုံးသိန်း ပေးမည်ဟုပြောကာ ငွေကျပ် သိန်း ၆၀ ပေးအပ်၍ ကျန်ငွေများကို တရုတ်နိုင်ငံသို့လိုက်ပါမည့်အချိန်မှသာ ပေးမည်ဟုပြောခဲ့ကြောင်း၊ မင်္ဂလာဆွမ်းကျွေးကာ ကျောက်တံတားခရိုင် တရားရုံး၌ လက်မှတ်ရေးထိုးပြီး ငွေကျပ် သိန်း ၆၀ ထပ်မံပေးခဲ့ကြောင်း။

ချိုက်မင်ဝေး (တရုတ်နိုင်ငံသား)သည် မလပြည့်ဝန်းနှင့်အတူ ပေါင်းသင်းနေထိုင်စဉ် လက်ထပ်ယူရန် ယွမ် ၈၀၀၀၀ ခန့်ကုန်ကျခံ၍ ချစ်ပိုပိုဖိုး(ခ)ဝမ်မရီထံ ပေးခဲ့ရသည်ဟု ပြောဆိုခဲ့ကြောင်း၊ မလပြည့်ဝန်းသည် ချိုက်မင်ဝေး (တရုတ်နိုင်ငံသား)နှင့်အတူ တရုတ်နိုင်ငံသို့ ထွက်ခွာရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ် တာဝန်ရှိသူများ၏ စစ်ဆေးခြင်းခံရကြောင်း စီစစ်သိရှိရသဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ် တိုင်တန်းခဲ့ရာ လှိုင်သာယာ(အရှေ့ပိုင်း) မြို့မရဲစခန်း(ပ)၅၅၀/၂၀၂၅ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မေ ၂၉ ရက်တွင် အင်းစိန်ခရိုင် တရားရုံးမှ တရားခံ ချစ်ပိုပိုဖိုး(ခ)ဝမ်မရီနှင့် တရုတ်နိုင်ငံသား Mr. CAI MINGWE (ချိုက်မင်ဝေး)တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရောင်တရားခံ မကျဲကျဲ(ခ)ဟွမ်လုံဖန်းကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈/၈၈အတည်ပြုထုတ်ဆင့်ရန် စီစဉ်ထားကြောင်း သိရသည်။

အလားတူ မျိုးမင်းထွန်း(ခ)ဖိုးသား (၄၂)နှစ် (ဘ)ဦးတင်ထွေး ဓမ္မုရတနာလမ်း ဖောကန်ရပ်ကွက် အင်းစိန်မြို့နယ်နေသူက အင်းစိန်မြို့နယ် ဖောကန်ရပ်ကွက် အမှတ် (၁၉၈၄၂)အဆောင်နေ အသက်(၁၁)နှစ် အရွယ်ရှိ ယောကျ်ားလေးတစ်ဦးကို ငယ်ရွယ်ပြီး အသိဉာဏ်ဖွံ့ဖြိုးမှုမရှိခြင်းအပေါ် အခွင့်ကောင်းယူကာ ငွေကြေး၊ လက်ဆောင်ပစ္စည်းများဖြင့် မက်လုံးပေးစည်းရုံး၍ Sex Video ရိုက်ကူးကာ Video ဖိုင်များကို ကျပ်သိန်း ၆၀ ကျော်ခန့်ဖြင့် ရောင်းစားခဲ့ပြီး ရရှိသည့်ငွေကြေး အကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူခဲ့ကြောင်း စီစစ်တွေ့ရှိရသဖြင့် အင်းစိန်မြို့မ ရဲစခန်း(ပ)၉၃၇/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မေ ၂၉ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ တရားခံ မျိုးမင်းထွန်း(ခ)ဖိုးသားကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောက်ဆည်မြို့နယ်အတွင်းရှိ တည်ခိုခန်းများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး



ကျောက်ဆည် မေ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းရှင်းရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးဌာနက မေ ၂၉ ရက်တွင် တည်ခိုခန်းများ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်သောတပ်ဖွဲ့ဝင်များက လျှပ်စစ်အသုံးပြုမှုများ၊ အရေးပေါ် ရေပက်ပိုက်လိပ်များ ကောင်းမွန်မှု ရှိ/မရှိနှင့် တပ်ဆင်ထားသော မီးသတ်ပစ္စည်းကိရိယာများကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **စုစုအေး(ကျောက်ဆည်)**



ဓာတ်ခွဲစမ်းသပ်မှုများမှ မြေပြင်တွင်လက်တွေ့အသုံးချနိုင်မည့် ဇီဝမြေဩဇာဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ သဘာဝမြေဩာ ထုတ်လုပ်၊ တင်သွင်း၊ တင်ပို့မှုနှင့် ဖြန့်ဖြူးရောင်းချသူများ အသင်း(MNFA-MIED)နှင့် Agri Institute of Asia(AIA)တို့ ပူးပေါင်းပြုလုပ်သည့် ဓာတ်ခွဲစမ်းသပ်မှုများမှ မြေပြင်တွင် လက်တွေ့အသုံးချနိုင်မည့် ဇီဝမြေဩဇာဆိုင်ရာ (Bio Fertilizer Seminar) ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌေါက်တာထူးမောင်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်နိုင်က သဘာဝမြေဩာနှင့် ဇီဝမြေဩဇာများသုံးစွဲမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဇီဝမြေဩဇာဆိုင်ရာ အကျိုးပြုသည့် အဏုဇီဝ/ဘက်တီးရီးယားများ အခန်းကဏ္ဍနှင့် ဇီဝမြေဩဇာများ စံချိန်စံညွှန်းနှင့် အညီ ထုတ်လုပ်သုံးစွဲမှုကို အဓိကထားဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုတို့ကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ သတင်း–ဥဿ၊ ဓာတ်ပုံ–ကိုလွင်

ညောင်ရွှေမြို့နယ်၌ နွေစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

တောင်ကြီး မေ ၃၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကြေးထပ်ကျေးရွာရှိ မြပုလဲစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား တောင်သူများ စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ခင်းအား ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

မှာကြား

ကွင်းဆင်း စစ်ဆေးရာတွင် တာဝန်ရှိသူများက လိုအပ်သည်များကို သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ပေးပြီး ရိတ်သိမ်းချိန်ကာလ ရောက်ရှိတော့မည်ဖြစ်၍ အချိန်မီရိတ်သိမ်းနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး ဂရုပြုဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ဝိုးတောင်း



ပင်းတယမြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ပေးအပ်ပွဲ ကျင်းပ

ပင်းတယ မေ ၃၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် တောင်ပေါ်ကြီးကျေးရွာအုပ်စု ထင်ရှူးကုန်းဘုန်းတော်ကြီးကျောင်း၌ မေ ၂၉ ရက်တွင် ပင်းတယမြို့နယ် မြေစာရင်းဦးစီးဌာနက ဆောင်ရွက်ပေးသည့် တောင်ပေါ်ကြီးကျေးရွာအုပ်စုအတွင်းရှိ တောင်သူများ လက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။

ဦးစွာ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဦးအောကာလင်းက အမှာစကားပြောကြားသည်။ထို့နောက်ပင်းတယမြို့နယ် မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေကျော်က လယ်ယာမြေဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို ပေးအပ်ရာ တောင်သူများက လက်ခံရယူကြပြီး တောင်သူများ၏ ကိုယ်စားတာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ပုံစံ(၇) ပေးအပ်ပွဲတွင် တောင်ပေါ်ကြီးကျေးရွာ အုပ်စုအတွင်းရှိ ကွင်းတစ်ကွင်း၊ ဦးပိုင် ၁၅၄၊ တောင်သူ ၁၂၉ ဦး၊ ဧရိယာ ၂၁၃ ဧကအား တောင်သူလယ်သမားများ အတွက် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုပုံစံ(၇)ကို ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)





မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မေ ၂၉ ရက်နံနက်ပိုင်းက ပခုက္ကူမြို့ သီရိရတနာဟိုတယ်နှင့် တည်းခိုခန်းများ၌ မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်စဉ်။

ဘာမိသာ(ပခုက္ကူ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၅-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	ဗုဒ္ဓဂ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	တာချံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဘိုင်းကော်	ဟားခါး
92 Ron	၄၅၅၀	၄၅၂၀	၄၆၀၅	၄၅၈၅	၄၅၂၀	၄၅၃၅	၄၅၈၅	၄၆၀၀	၄၈၂၅	၅၀၅၅	၄၆၆၀	၄၆၀၀	၄၅၅၀	၄၅၁၅	၄၅၂၀	၄၆၉၀
95 Ron	၄၆၂၀	၄၇၃၅	၄၇၆၀	၄၆၃၅	၄၇၃၅	၄၈၀၀	၄၈၅၀	၄၇၀၅	၄၈၅၀	၅၂၁၀	၄၇၃၅	၄၉၃၅	၄၈၀၅	၄၇၉၀	၄၇၃၅	၅၀၀၅
HSD (500 ppm)	၄၇၃၅	၄၇၅၅	၄၇၀၅	၄၆၆၀	၄၇၆၀	၄၇၇၀	၄၈၀၀	၄၆၆၀	-	၅၂၀၀	၄၇၆၀	၄၇၃၅	၄၇၆၀	၄၇၂၅	၄၇၂၅	၄၇၆၅
HSD (50 ppm)	၅၂၅၀	၅၂၂၀	၅၂၆၅	၅၂၆၅	၅၂၂၅	၅၂၃၅	၅၂၈၀	၅၂၆၀	၅၂၅၀	၅၄၀၀	၅၂၆၅	၅၂၅၀	၅၂၆၀	၅၂၃၅	၅၂၂၀	၅၂၆၀
HSD (10 ppm)	၅၂၅၀	၅၂၂၀	၅၂၆၅	၅၂၆၅	၅၂၂၅	၅၂၃၅	၅၂၈၀	၅၂၆၀	၅၂၅၀	၅၄၀၀	၅၂၆၅	၅၂၅၀	၅၂၆၀	၅၂၃၅	၅၂၂၀	၅၂၆၀

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၆	၄၃၀၆
95 Ron	၄၃၈၇	၄၅၀၉
HSD (500 ppm)	၄၃၇၃	၄၃၉၁
HSD (50 ppm)	၅၂၀၇	၅၃၂၂
HSD (10 ppm)	၅၂၀၇	၅၃၂၂

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူဖိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၄၄၇၇

၀၆၇- ၄၁၁၂၅၂၊ ၀၉-၆၈၀၅၉၀၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဘုတ်ပြင်းမြို့နယ်၌ ကော်ဖီ၊ ကိုကိုး၊ ဥယျာဉ်ခြံပျိုးပင်နှင့် သီဟိုဠ်မျိုးစေ့များ ပေးအပ်

ဘုတ်ပြင်း မေ ၃၀

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက ကော်ဖီ၊ ကိုကိုး၊ ဥယျာဉ်ခြံပျိုးပင်များနှင့် သီဟိုဠ်မျိုးစေ့ပေးအပ်ခြင်းကို မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သပြေခန်းမ၌ ပေးအပ်သည်။

ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးညွှန့်ဝင်းက ပျိုးပင်နှင့် မျိုးစေ့များပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုငါးအုပ်စုမှ ဥယျာဉ်ခြံစိုက်တောင်သူများအား ကော်ဖီ ၂၃ ဧကအတွက် ပျိုးပင် ၂၂၂၀၀၊ ကိုကိုး ၁၂ ဧကအတွက် ပျိုးပင် ၅၀၀၀၊ ခူးရင်းသုံးဧကအတွက် ပျိုးပင် ၁၀၀၊ သရက်တစ်ဧကအတွက် ပျိုးပင် ၂၅ ပင်နှင့် သီဟိုဠ် ဧက ၂၀ အတွက် မျိုးစေ့အထုပ် ၂၀ တို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



တောင်ကြီး မေ ၃၀

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး သည်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ ညနေပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်များအလိုက် အသက်(၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်းရှိဒေသများတွင်ဘောလုံးအဆင့်အတန်းတိုးတက်မြင့်မားရေး၊ လူငယ်မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ လူငယ်လူရွယ်အချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုရရှိကာ ကျန်းမာပြီးကြွံ့ခိုင်သောလူငယ်များအဖြစ် ရှမ်းပြည်နယ်၏ အားကစားကဏ္ဍ တိုးတက်လာစေရန်နှင့် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် လင်းခေးခရိုင် အသင်းနှင့် ဓနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုကြည့်ရှုအားပေးကြသည်။

အဆိုပါ ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို အုပ်စု သုံးအုပ်စုခွဲကာ မေ ၂၇ ရက်မှ ဇွန် ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

မော်လမြိုင်မြို့၌ ဆက်သွယ်ရေးဗိုင်ဘာကြိုးများ ရှင်းလင်းသွယ်တန်းနေမှု ကြည့်ရှုစစ်ဆေး

မော်လမြိုင် မေ ၃၀

မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ပိုင်းတွင် မွန်ပြည်နယ်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ သွားရောက်စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ ရှင်းလင်းဆောင်၌ ပြည်နယ်ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ဌာနမှဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ ရေဒီယိုလှိုင်းနှုန်း တိုင်းတာရေးစက်ပစ္စည်းများ တပ်ဆင်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ရေဒီယိုလှိုင်းနှုန်းတိုင်းတာရေး စက်ပစ္စည်းများ၊



မော်လမြိုင်မြို့အတွင်း မြို့အင်္ဂါရပ်နှင့်အညီ ဆက်သွယ်ရေးဗိုင်ဘာကြိုးများ ရှင်းလင်းသွယ်တန်းနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

တာမွေမြို့နယ်၌ နွေရာသီ အခြေခံနပန်းသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး နပန်းဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ အခြေခံနပန်းသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျို့ကွာဆံအားကစားကွင်း နပန်းအားကစားလေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး



နပန်းဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးအောကာလွင်မောင်နှင့် ဒုတိယ ဥက္ကဋ္ဌ ဦးနိုင်မြင့်ဦးတို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို တက်ရောက်လာကြသည့်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက် အတွင်းရေးမှူးတို့က ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းသင်တန်းကို ဖေဖော်ဝါရီ ၁၆ ရက်မှ မေ ၃၀ ရက်အထိ အခြေခံသင်တန်းနှင့် အဆင့်မြင့် သင်တန်းပို့ချခဲ့ပြီး သင်တန်းသား ၃၅ဦး၊ သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အာကာ



မင်းဘူးမြို့၌ မြို့နယ်ဂီတအစည်းအရုံးအဖွဲ့ ရွေးချယ်ဖွဲ့စည်း

မင်းဘူး မေ ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ မြို့နယ်ဂီတအစည်းအရုံးအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်းအခမ်းအနားကို မေ ၂၉ ရက် နံနက်ပိုင်းက မန်းသီတာခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်ဝင်းတို့က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးဂီတအစည်းအရုံးအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်ဂီတအစည်းအရုံးအဖွဲ့ ရွေးချယ်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်အဆင့်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးအောင်သန်းနှင့် တာဝန်ရှိသူများက မြို့နယ်ဂီတအစည်းအရုံးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များအဖြစ်မြို့နယ်ဂီတအစည်းအရုံးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်၊ ပြန်ကြားရေးမှူး၊ စည်းရုံးရေးမှူးနှင့် အဖွဲ့ဝင်များကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်ရွေးချယ်ဖွဲ့စည်းပေးခဲ့ပြီး မြို့နယ်ဂီတအစည်းအရုံးအဖွဲ့ထံ သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

မြို့တိုင်းရင်းသားစာပေ ဆရာဖြစ်သင်တန်းနှင့် မြို့ရိုးရာဂျက်ခုတ်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စုထိန်စွန်းကျေးရွာ မော်ဘီအသင်းတော်ဘုရားကျောင်း၌ ယနေ့နံနက်ပိုင်းက မြို့တိုင်းရင်းသားစာပေ ဆရာဖြစ်သင်တန်းနှင့် မြို့ရိုးရာဂျက်ခုတ်သင်တန်းဆင်းပွဲ ကျင်းပသည်။

ဦးစွာ မြို့ရိုးရာစာပေအသင်းဥက္ကဋ္ဌ ဦးကျော်ဇောလှက မြို့စာပေဆရာဖြစ်သင်တန်းနှင့် မြို့ရိုးရာဂျက်ခုတ်သင်တန်း ဖွင့်လှစ်ပေးရခြင်းနှင့် မိမိတတ်မြောက်ထားသည့်အရာများကို အကျိုးရှိရှိ အသုံးချကြရန် ရှင်းလင်းပြောကြားပြီး မြို့အမျိုးသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအသင်းမှ ဦးဇော်မြထွန်း၊ ဦးစံလှ၊ ဆရာဘအောင်၊ တက္ကသိုလ်ယောရွှထွန်းတို့က မြို့စာပေဆရာဖြစ်သင်တန်းနှင့် မြို့ရိုးရာဂျက်ခုတ် သင်တန်းဆင်းပွဲတွင် အကြံပြုအားပေးစကားများ ပြောကြားသည်။

ထို့နောက် မြို့စာပေအသင်းဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် တာဝန်ရှိသူများက နည်းပြဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မော်ဘီ)



လှိုင်သာယာပြည်သူ့ဆေးရုံကြီး၌ သောက်ရေသုံးရေသန့်စင်စက် တပ်ဆင်လှူဒါန်းပွဲကျင်းပ



ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဝိသာခါဖောင်ဒေးရှင်းအလှူရှင်များက ကျပ်သိန်း ၉၀၀ တန်ဖိုးရှိ သောက်ရေသုံးရေသန့်စင်စက် တပ်ဆင်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းကလှိုင်သာယာပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဝိသာခါဖောင်ဒေးရှင်နာယက ဒေါက်တာဝင်းမင်းသစ်က အမှာစကားပြောကြားပြီး Global Lotus Company Limited ၏ တာဝန်ရှိသူက ရေသန့်စင်စက် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကျောင်းဖွင့်ချိန်တွင် ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မေ ၃၀

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလှုပ်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စျေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့၊ ကျိုင်းတောင်မြို့၊ လွိုင်လင်မြို့၊ လင်းခေးမြို့၊ မိုင်းနောင်မြို့၊ ကွန်ဟိန်းမြို့၊ ရန်ကုန် တိုင်းဒေသကြီး အင်းစိန်မြို့နယ် အပါအဝင် မြို့နယ် ၁၀ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးတို့ အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနှိုင်းသည့် နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်း



ဆောင်ရွက်ကြသည်။ ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံများရရှိရေး အသိပညာမြှင့်တင်ခြင်း ဆောင်ရွက်

နေပြည်တော် မေ ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံများရရှိရေး အသိပညာမြှင့်တင်ခြင်းကို အရိုန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကာကွယ်၍ရသော ရောဂါများဖြစ်ပွားမှုနှင့် သေဆုံးမှုလျော့ချကာ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုကောင်းမွန်လာရန်နှင့် မျှော်မှန်းလူသက်တမ်းမြင့်မားလာစေရန် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး (ကျန်းမာပညာ) များက အသိပညာမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက်တွင် ပုဗ္ဗသီရိမြို့နယ် အောင်စည်သာကျောင်းတိုက်၌ အထူးကုကွင်းဆင်းဆေးကုသရာတွင် ပြည်သူ ၅၃၆ ဦးတို့အား ၁၀ ကြိမ်ခွဲ၍ စနစ်တကျလက်ဆေးနည်းကို သရုပ်ပြသခြင်း၊ သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်မှုအကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ၊ ခြင်ပိုးလောက်လမ်းနိုမ်နင်းရေးလုပ်ငန်းတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဧရယ္ယာမြေ)**

သီပေါမြို့နယ်၌ "ကံပေါ်ဦး"လယ်ယာနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း စည်းဝေး

သီပေါ မေ ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကွန်ခိုက်ကျေးရွာ "ကံပေါ်ဦး" လယ်ယာနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်း လိမိတက်ရုံးခန်းမ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၂၈ ရက်က ကျင်းပသည်။

ဦးစွာ လိမိတက်ဥက္ကဋ္ဌ ဒေါ်နန်းမာချိုက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရတနာဝင်းက အသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ အသင်းစည်းကမ်းအား ပြင်ဆင်ဖြည့်စွက်ခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တင်ပြသည့် အမှုဆောင်ကော်မတီ၏ အစီရင်ခံစာတင်သွင်းခြင်းနှင့် အတည်ပြုချက်များ ရယူခြင်းများ ဆောင်ရွက်ခဲ့ကာ တာဝန်ရှိသူများက အသင်းသားများအား စုဆောင်းငွေပေါ်အတိုးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဟုမ္မလင်းမြို့၌ ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်း ခရိုင်/မြို့နယ် MEVM စက်ကြီးကြပ်ရေးအဖွဲ့များနှင့် တွေ့ဆုံ

ဟုမ္မလင်း မေ ၃၀

စစ်ကိုင်းတိုင်း ဒေသကြီး ဟုမ္မလင်းမြို့၌ ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံ ဦးမြင့်သိန်းသည် ခရိုင်/မြို့နယ် MEVM စက်နည်းပညာအထောက်အကူပြုအဖွဲ့နှင့် MEVM စက်ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့များနှင့် တွေ့ဆုံခြင်း အခမ်းအနားကို မေ ၂၉ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး



ခန်းမ၌ ပြုလုပ်သည်။

ဦးစွာပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြီးခဲ့သည့်ရွေးကောက်ပွဲ အတွေ့အကြုံများအပေါ် သုံးသပ်ပြီး နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ကြိုတင် ပြင်ဆင်ထားရန်လိုကြောင်းနှင့် MEVM မဲပေးစက်များသည် ကြီးကြပ်ကန့်သတ်ပစ္စည်းဖြစ်သည့်အတွက် ထိခိုက်ပျက်စီးမှုမရှိစေရေး စနစ်တကျထားသိုသိမ်းဆည်းရန်၊ MEVM စက်လုံခြုံရေးအဖွဲ့ဝင်များနှင့် တစ်ပတ်တစ်ကြိမ် စစ်ဆေးရန် မှာကြားသည်။

ထို့နောက် MEVM စက်များထိန်းသိမ်းထားမည့် နေရာသို့ ပြည်ထောင်စု ရွှေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် ခရိုင်/မြို့နယ် MEVM နည်းပညာအထောက်အကူပြုအဖွဲ့များ၊ ကြီးကြပ်မှုအဖွဲ့များနှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်တို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **ဟုမ္မလင်း(ပြန်/ဆက်)**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များ၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

ပဲခူး မေ ၃၀

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆) လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ မေ ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ဒေါ်တင်တင်ငြိမ်းက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး ဒေါ်လဲ့လဲ့ကြည်က စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ညွှန်ကြားရေးမှူးတို့က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ချီးမြှင့်သည့် လုပ်ငန်းခွင်စွမ်းဆောင်ရည်ထူးချွန်ဆု၊ စာမူဆု၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုရရှိသူများအား ထပ်ဆင့်ချီးမြှင့်ပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ လိုအပ်သည်များ တင်ပြဆွေးနွေးမှုအပေါ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





မိတ္ထီလာမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများအား ထုတ်ချေးငွေများပေးအပ်

မိတ္ထီလာ မေ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မိတ္ထီလာခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမူစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) ရုံးမှ စိုက်ပျိုးရေးရရှိရေး ဆိုလာစနစ်သုံးစက်ရေတွင်းများ တူးဖော်ဆောင်ရွက်မည့် တောင်သူများထံသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးငွေများပေးအပ်ပွဲ အခမ်းအနားကို မေ ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာန(ရေအရင်းအမြစ်) ခရိုင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ထူးအောင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကန်သာကျေးရွာမှ တောင်သူများထံသို့ ထုတ်ချေးငွေစုစုပေါင်းငွေကျပ် ၁၆၁ သန်းကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

ဉာဏ်ကြီးရှင်များ၏ သိပ္ပံသဘာဝ



ဒေါက်တာမြင့်သန်း (ညောင်လေးပင်) ရေးသားသည့် ဉာဏ်ကြီးရှင်များ၏ သိပ္ပံသဘာဝစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ဉာဏ်ကြီးရှင်ဟူသည်၊ ဉာဏ်ကြီးရှင်တို့ မည်သို့ဖြစ်လာကြသနည်း၊ အိုင်စတိုင်း၏ဦးနှောက်ကိုလေ့လာခြင်း၊ ဉာဏ်ကြီးရှင်တို့၏ သိပ္ပံသဘာဝ၊ သမိုင်းအဆက်ဆက် ထူးချွန်ခဲ့ကြသူများ၊ အလွန်ထူးခြားသည့် ဉာဏ်ကြီးရှင်များ၊ သမိုင်းတစ်လျှောက်မှ အံ့ဖွယ်သူရဲဉာဏ်ကြီးရှင်များ၊ ပဋ္ဌာန်းတရားတော်ဖြင့် ဆင်ခြင်မိခြင်း၊ ဉာဏ်ပညာ၏ အရေးပါမှုစသည့်အခန်း (၉)ခန်းပါဝင်သည်။

ကမ္ဘာကျော်ဉာဏ်ကြီးရှင်များ၏ ဉာဏ်ရည်ဉာဏ်သွေးကို သိပ္ပံပညာရှင်ထောင့်မှ ချဉ်းကပ်လေ့လာရေးသားထားသည်။ ဉာဏ်ကြီးရှင်တစ်ဦးဖြစ်ရန် သဘာဝက လက်ဆောင်အဖြစ်ရရှိသော ဉာဏ်ထူးချွန်မှုသာမက ဉာဏ်ပညာထက်မြက်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ ဇွဲလုံ့လရှိမှု၊ ကောင်းမွန်သောမိဘ၊ ဆရာသမား၊ မိတ်ဆွေတို့အပြင် ပတ်ဝန်းကျင်ကောင်းများရှိရန်လည်း လိုအပ်သည်။ ဤစာအုပ်သည် နိုင်ငံနှင့်လူမျိုးအကျိုးကို တစ်ထောင့်တစ်နေရာမှ အကျိုးပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း စာရေးသူကဆိုထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ ဖုန်း- ၀၉၇၉၁၀၉၉၁၄၊ အမှတ် ၂၁၉၊ လမ်း (၄၀)လယ်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၆၀၀၀ ဖြင့် ဖြန့်ချိသည်။

စစ်သည်တော်ဟောင်းတစ်ဦး၏ မြန်မာ့တပ်မတော်အပေါ်အမြင်



လင်းမြတ်(မင်းတပ်)ရေးသားသည့် စစ်သည်တော်ဟောင်းတစ်ဦး၏ မြန်မာ့တပ်မတော်အပေါ်အမြင် စာအုပ်ထွက်ရှိလာသည်။

စာရေးသူသည် အငြိမ်းစား တပ်မတော်သားတစ်ဦးဖြစ်သည်။ တပ်မတော်သားများသည် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးစီးပွားအတွက် ယခင်ကလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခုလည်း ဆောင်ရွက်နေသည်။ နောင်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် တာဝန်ကျေရုံ အပေါ်ယံဆောင်ရွက်ခြင်းမဟုတ်ဘဲ စိတ်စေတနာဝါပါ အစွမ်းကုန် အားကြိုးမာန်တက် ဆောင်ရွက်ကြခြင်းဖြစ်သည်။

တပ်မတော်နှင့်ပတ်သက်၍ ရှေ့မိနောက်မီ သက်ကြီးဝါကြီးစစ်သည်တော်များ၏ ကိုယ်တွေ့ကြုံခဲ့ရသည့် ဖြစ်စဉ်များ၊ စာရေးသူ ပါဝင်ဆင်နွှဲခဲ့သည့်ဖြစ်စဉ်များ၊ စာတွေ့နှင့် ကြားဖူးနားဝဖြစ်စဉ်များကို မျိုးဆက်သစ်လူငယ်များ သိစေချင်သည့်အတွက် ရေးသားထားခြင်းဖြစ်သည်။ ဤစာအုပ်ဖြင့် တပ်မတော်၏ ကျေးဇူးတရားများကို ဆပ်ခွင့်ကြုံသည့်အတွက် ဂုဏ်ယူမဆုံး ဝမ်းသာဝိတိဖြစ်မိကြောင်း စာရေးသူကဆိုသည်။

စာအုပ်ကို ဦးဆလိုင်းရွှေလင်း သုဒ္ဓန္တစာပေ အမှတ် ၃၁၊ ၆ လွှာ၊ နှင်းဆီကုန်းလမ်း အပုံမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ ဖြင့် ထုတ်ဝေသည်။

၂၀၂၆ ခုနှစ် မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် မေ ၃၀

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် “ကုန်ထုတ်စွမ်းအား မြှင့်တင်ခြင်းဖြင့် MSME လုပ်ငန်းများ ရေရှည်ရှင်သန်နိုင်ရေး” မျက်နှာဖုံး ဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (မေလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၆ ခုနှစ် မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ ဆန်းသစ်အောင်(မဟာဝိဇ္ဇာ- အင်္ဂလိပ်ဘာသာစကား)၊ မြင့်မောင် (Phil-Q) တို့၏ “ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်းဖြင့် MSME လုပ်ငန်းများ ရေရှည်ရှင်သန်နိုင်ရေး” မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဇေ၊ ညီမေသိမ်း၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ အန်ကယ်စိုး၊ ကိုကျော်စွာ(ကျိုက်ပိ)တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ခင်မောင်ဦမို့၏ အတွေးအခေါ်နှင့် တက်ကျွမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၊ ရဲထက်ဇော်၊ ကိုဇေယျတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ ထက်ဝေအောင်(စစ်ကိုင်း)၊ ကြည်လွင်ဦး(ရေနံ)တို့၏သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ စံမြတ်ဘုန်း(စစ်ကိုင်း)၏ ကလေးအလုပ်သမားဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၏ အကြမ်းဖက်မှုဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ အာကာကိုကို၊ ဒေါက်တာသိန်းဝင်းတို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ စောဌေးမြင့်၊ စိန်ဝင်းမော်၊ ပါမောက္ခဦးသိန်းလှိုင်၊ မြသိန်း၊ ဆောင်းဝင်းလတ်၊ စိန်ဝင်းနွယ်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်န့်နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သင်ပြကုန်းဈေး နေပြည်တော် စာအုပ်ဆိုင် ဖုန်း ၀၉- ၄၄၉၄၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၄၉၀၃၁ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ သတင်းစဉ်

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မော်လမြိုင် မေ ၃၀

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အိန္ဒနွဲဝင်းက ရှေ့လုပ်ငန်းစဉ်များနှင့် လအလိုက် ဆက်လက်ဆောင်ရွက်မည့် လျာထားချက်အစီအစဉ်များကို ရှင်းလင်းတင်ပြကာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





၂၀၂၆ ခုနှစ် မေ ၂၉ ရက်တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2)၊ Ozone (O_3)နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်	ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
		၂.၅ မိုက် ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	၁၀ မိုက် ခရွန် အရွယ် ရှိသော အမှုန် အမွှားများ	ဆာလဖာ ဒိုင် အောက် ဆိုက်	နိုက် ထရိုဂျင် ဒိုင် အောက် ဆိုက်	အို ဇုန်း	ကာဗွန် မိုနောက် ဆိုက်
၁	ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၂	အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃	ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွှင့်မှု စက်ရုံများမှ ထုတ်လွှတ်အိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

AYA Tri-Nation Cup 2026 သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲ Official KICKOFF နှင့် စပွန်ဆာ စာချုပ်လက်မှတ်ရေးထိုးပွဲ ကျင်းပ



ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)နှင့် AYA Bank တို့ ပူးပေါင်း စီစဉ်သည့် AYA Tri-Nation Cup 2026 အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ တရားဝင်အကြိုလှုံ့ဆော်မှု (Official Kick-Off Event) နှင့် Title Sponsor၊ Main Sponsor စာချုပ်လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို မေ ၃၀ ရက်က သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အဓိကပံ့ပိုးကူညီသူဖြစ်သည့် AYA Bank ၏ Chief Executive Officer ဖြစ်သူ ဒေါ် Jasmine သဇင်အောင်က ပြိုင်ပွဲအတွက် စပွန်ဆာပေးရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် AYA Tri-Nation Cup 2026 ပြိုင်ပွဲအတွက် စပွန်ဆာပံ့ပိုးပေးအပ်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို MFF ဒုဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ နှင့် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ AYA Bank မှ Chief Executive Officer ဒေါ် Jasmine သဇင်အောင်နှင့် ဦးနေလင်းထွဋ်(Chief Business Officer)တို့ အပြန်အလှန် စာချုပ် ချုပ်ဆိုခဲ့ကြသည်။ ယင်းနောက် လက်ဆောင် လဲလှယ်ခြင်းနှင့် အမှတ်တရစုပေါင်းဓာတ်ပုံ ရိုက်ကူးခြင်းကို သုဝဏ္ဏကွင်းအတွင်း ပြုလုပ်သည်။

AYA Tri-Nation Cup 2026 သုံးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲကို ဇွန် ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့်အတူ ထိုင်း၊ ဥဇဘေကစ္စတန် အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ဇွန် ၃ ရက်တွင် မြန်မာအသင်းနှင့် ဥဇဘေကစ္စတန်အသင်း၊ ဇွန် ၆ ရက်တွင် ထိုင်းအသင်းနှင့် ဥဇဘေကစ္စတန်အသင်း၊ ဇွန် ၉ ရက်တွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် အွန်လိုင်းကြိုတင် လက်မှတ်များကို AYA Pay မှတစ်ဆင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး AYA Pay တွင် ကျပ် ၅၀၀၀ နှင့် အထက် ဝယ်ယူကာ ငွေပေးချေပါက အမြင့်ဆုံးကျပ်သိန်း ၃၀၀၀ အထိ ကံစမ်းနိုင်မည့် Digital Ticket တစ်စောင်ပါ ရရှိမည်ဖြစ်သည်။

ထို့ပြင် မေ ၃၁ ရက်၊ ဇွန် ၁၊ ၂ ရက်တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ရုံးတွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ကြိုတင် လက်မှတ်များ ရောင်းချပေးမည် ဖြစ်ပြီး လက်မှတ်ဈေးနှုန်းအဖြစ် အထူးတန်း ကျပ် ၅၀၀၀၊ ရှိးရိုးတန်း ကျပ် ၂၀၀၀ သတ်မှတ်ထား သည်။ ပွဲအားလုံးကို ညနေ ၅ နာရီတွင် စတင်ကျင်းပမည် ဖြစ်ပြီး ပွဲအပြီးတွင် ပရိသတ်များ အဆင်ပြေစေရန် ကားများ စီစဉ် ပေးမည်ဖြစ်သည်။ **ကိုညီလေး**

ဓာတ်ပုံ - စိုးညွှန့်သော်

❒ MNL ယူ-၂၀ မှ

အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ၃၈ မိနစ်တွင် မျိုးမင်းခန့်က ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးထပ်သွင်းကာ ပထမပိုင်း အပြီးတွင် ခု-တစ်ဂိုးဖြင့် ဦးဆောင်နေပြီး အနိုင်သေချာစေမည့် တတိယဂိုးကို ၈၅ မိနစ်တွင် မင်းမင်းသူက သွင်းယူခဲ့သည်။

သန်လျင်သီဟဒီပကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက် အသင်းက မြဝတီအသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ပထမပိုင်း အပြီးတွင် တစ်ဂိုးစီသရေကျနေသော်လည်း ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဂိုးပြတ်သွင်းကာ ပထမဆုံးနိုင်ပွဲရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၅၁ မိနစ်တွင် အောင်မျိုးမင်း၊ ၅၈ မိနစ်တွင် ကောင်းမြတ်အောင်၊ ၇၃ မိနစ်တွင် ခွန်ချိထူးနှင့် ၈၂ မိနစ်တွင် ဖြိုးဝဏ္ဏစိုးတို့က သွင်းယူခဲ့သည်။ ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်စီးတီးအသင်းနှင့် Falcon အသင်း ဂိုးမရှိသရေကျခဲ့သည်။

ပွဲစဉ် (၂) နောက်ဆုံးနေ့ကို မေ ၃၁ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်ပြီး သီဟဒီပကွင်း၌ စစ်ကိုင်းယူနိုက်တက်အသင်းနှင့် အား/ကာ သိပ္ပံအသင်း၊ တောင်ဒဂုံကွင်း၌ ရတနာပုံအသင်းနှင့် သစ္စာအားမာန် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ

ဓာတ်ပုံ-MNL

❍ ကျောဖုံးမှ

အဆိုပါ IKO ကရာတေးပြိုင်ပွဲများသည် နိုင်ငံတကာတွင် ရေပန်းစား တွင်ကျယ်လာသည့်အားကစားနည်းဖြစ်ပြီး ပြည်တွင်းတွင်လည်း လူကြိုက်များ စိတ်ဝင်စားလာသည့် အားကစားနည်းတစ်မျိုး ဖြစ်ကြောင်း ယနေ့ကျင်းပသည့်ပြိုင်ပွဲမှ သိရသည်။


ထို့ပြင် အာမေနီးယားနိုင်ငံတွင်ကျင်းပမည့် IKO ကရာတေးပြိုင်ပွဲအား မြန်မာမှ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယင်းပြိုင်ပွဲအား နိုင်ငံပေါင်း ၂၀ ခန့်မှ ပြိုင်ပွဲဝင်ဦးရေ ၅၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်းသိရသည်။ **ဗလ**

❖ MFF ယူ-၁၉ မှ

ပွဲစဉ်(၄)တွင် YCDC Dream Team အသင်းက ရွှေပြည်သာယူနိုက်တက် အသင်းကို ၁၆ ဂိုး-နှစ်ဂိုး၊ Gold Dream အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ခုနစ်ဂိုး-လေးဂိုး၊ United City အသင်းက Burmese Warriors အသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ Pacific Sun Far အသင်းက YRG အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ MIU အသင်းက JV အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ ULAD အသင်းက Royal Noka အသင်းကို ရှစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၄) အပြီးတွင် Pacific Sun Far အသင်း၊ MIU အသင်း၊ ULAD အသင်းတို့က ၁၂ မှတ်စီ၊ YRG အသင်းနှင့် YCDC Dream Team အသင်းက ကိုးမှတ်စီ၊ JV အသင်းနှင့် Gold Dream အသင်းက ခြောက်မှတ်စီ၊ Royal Noka အသင်းနှင့် United City အသင်းတို့က သုံးမှတ်စီရရှိထားကာ Burmese Warriors အသင်း၊ မင်္ဂလာဒုံစီးတီးအသင်းနှင့် ရွှေပြည်သာယူနိုက်တက် အသင်းတို့မှာမူ အမှတ်မရသေးပေ။ **သတင်း - ရွှိုင်းထက်ဇော်**

ဓာတ်ပုံ-MFF



- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှု မရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင် ပါသည်။**

လမ်းဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး
မိတ္ထီလာခရိုင်
အိတ်ဖွင့်တင်ဒါအမှတ်စဉ် (၁/၂၀၂၆-၂၀၂၇) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးခန့်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီးခွင်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းခွင်သုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ (က)	တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်	၅-၆-၂၀၂၆ ရက်(သောကြာနေ့)၊ (၉:၃၀နာရီ)
(ခ)	တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန်	၁၅-၆-၂၀၂၆ရက်(တနင်္လာနေ့)၊ (၁၅:၀၀)နာရီ
(ဂ)	တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ	လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မိတ္ထီလာခရိုင်
(ဃ)	တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်	၁၅-၆-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့)၊ (၁၀:၀၀)နာရီ
(င)	တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ	လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ မိတ္ထီလာခရိုင်

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မိတ္ထီလာခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖုန်း (၀၆၄ - ၂၃၀၈၇) သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ၊လမ်းဦးစီးဌာန၊ မိတ္ထီလာခရိုင်

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသစောင့်ကြည့် လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center - ASMC) မှ ထုတ်ပြန်ချက်များအရ-

(က) ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့်(၂)မှ အဆင့် (၁) သို့ လျော့ချသတ်မှတ်ခဲ့ကြောင်း၊

(ခ) လွန်ခဲ့သောရက်များအတွင်း မဲခေါင်ဒေသခွဲတွင် စိုစွတ်သောရာသီဥတုဖြစ်ပေါ်ခဲ့ပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျော့နည်းခဲ့ကြောင်း၊

(ဂ) လာမည့်လများတွင် မုတ်သုံကြားကာလအခြေအနေမှ အနောက်တောင်မုတ်သုံအခြေအနေသို့ ကူးပြောင်းမည်ဖြစ်ပါသောကြောင့် မဲခေါင်ဒေသခွဲ၏ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုများဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း၊

(ဃ) ASMC ၏ စောင့်ကြည့်လေ့လာမှု၊ ဆန်းစစ်မှုနှင့် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၁) မှ အဆင့် (၀) (ခြောက်သွေ့ရာသီ ကာလကုန်ဆုံးခြင်း)သို့ ရောက်ရှိကြောင်း။

၂။ ASMC ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ Fire Hotspot ဖြစ်ပေါ်မှုသည် ၂၀၂၅ ခုနှစ်ထက် (၁) % ပိုမိုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် (၁၁) % လျော့နည်းစွာဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ
ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ ရပ်သာရပ်ကွက်၊ ရန်ကင်းဘုရားလမ်းအတွင်းရှိ ကျွန်းကလေးကျေးရွာ၊ ကွင်းအမှတ် - ၉၈၈(ဘီ)၊ ကွင်းအမည် - သာယာကုန်းကွင်း၊ ဦးပိုင်အမှတ် - ၆၆/C၊ ခေါ်ဝေသန်း ပါ(၂) အမည်ပေါက်ဂါ၊ မြေမျိုးနွှင့်အတာန်း -ဂ၊ ဧရိယာ (၀.၀၉) ဧကအတွင်းမှ (၃၄ x ၅၂)ပေ အကျယ်အဝန်းရှိ အိမ်နှင့်မြေ(ရေမီးစုံ)တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထား ပိုင်ဆိုင်သူဟု အဆိုပြု ဝန်ခံသည့် လှည်းကူးမြို့၊ ရိပ်သာရပ်ကွက်၊ ရန်ကင်းဘုရားလမ်းဧရိယာ၊ ခေါ်ဝင်မိုးမိုး [၁၂/လကန(နိုင်)၂၄၉၄၇၄]ထံမှ လွဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်မိန်းကျော် [၉/ရမသ (နိုင်)၁၀၇၁၂၄]၊ အမှတ် - ၁၃၊ မြေညီ၊ တင်ဆန်းလမ်း၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသူက စရန်နှင့် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူများရှိပါက ငှင်းမြေနှင့် စပ်လျဉ်း၍ ဆိုင်ရောဆိုင်ခွင့်ရှိသည့် ပိုင်ဆိုင်မှုမတ်တမ်းများ၊ စာချုပ်စာတမ်းများစသည့် ဥိုင်လုံသော အထောက်အထား စာရွက်စာတမ်းမှုရင်းများနှင့်တကွ ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမျိုးမင်းထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-ဖဖ၈၂၅)
အမှတ်(၃၉၆)၊ ပြည်တော်သာ(၆)လမ်း၊ ပြည်တော်သာရပ်ကွက်၊
လှည်းကူးမြို့။ ဝဇ - ၄၂၀၁၅၈၃၃၊ ဝဇ - ၉၇၄၁၂၂၀၉၅

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ်(၃၃)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်အနက်၊ (မြေညီထပ်-ဘီ)၊ မျက်နှာမူလျှင် (ညာ)ဘက်အခြမ်း၊ အကျယ်အဝန်း (၁၂ပေခွဲ x ၅၀ပေ)ရှိ တိုက်ခန်းနှင့် စပ်လျဉ်း၍ မေတ္တာဖြင့်အပိုင်ပေးကမ်းပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ် (၈)၊ စတုတ္ထထပ်နေ **ဒေါ်ဟေမာခင်စိုး [၁၂/တမန(နိုင်) ၁၀၉၃၃၃]** ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

အထက်ပါ တိုက်ခန်းသည် **ဒေါ်ဟေမာခင်စိုး**မှ လက်ရှိလက်ရောက်ပိုင်ဆိုင်ထားသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းကို သားသမီး (၃)ဦးဖြစ်ကြသော **မောင်ဝေယံလင်းသန့် [၁၂/တမန(နိုင်) ၁၄၉၆၈၃]၊ မောင်သူရိန်လင်းသန့်၊ မဖြူစင်လင်းသန့်**တို့အား (၃၁-၅-၂၀၂၆)ရက်စွဲပါ **"အစ္စလာမ်ဥပဒေနှင့်အညီ မိမိပိုင်ဆိုင်သောတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပေးကမ်းခြင်း ကတိစာချုပ်"**အရ အဖိုးစားနားမပါရှိဘဲ အပိုင်လက်ရောက်ပေးကမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှချို	**ဒေါ်မာမာသိန်း**
(B.Sc, H.G.P, R.L, D.B.L, D.M.L.)	**(LL.B)**
(စဉ်- ၅၅၅၄)	**(စဉ်- ၈၇၉၂)**

တရားလွှတ်တော်ရှေ့နေများ
အမှတ် (၅၈)၊ မြေညီထပ်၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၅၀၆၄၉၅၉

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- 4E၊ မြေကွက်အမှတ်- ၁၀၃၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၅၆)ပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ(၈)ထပ်တိုက်အဆောက်အဦ၏ လမ်းမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း၊ (ခေါင်းရင်း)ဘက်ခြမ်း အခန်းအမှတ်- A၊ ပထမထပ်၊ (၂)လွှာ၊ အကျယ်အဝန်း (အလျား ၁၅x အနံ ၆၀)ပေ အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးကာလီဒါစု [၁၂/မဂတ(နိုင်)၀၇၅၈၃၄]နှင့် ဒေါ်မပူရနော [၁၂/မဂတ(နိုင်)၀၇၅၈၃၅]တို့က အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခိုင်စန္ဒာလင်း [၁၂/ဗဟန(နိုင်)၀၇၆၂၃၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ခိုင်စန္ဒာလင်း	**ဒေါ်သိဂီစိုး**
[၁၂/ဗဟန(နိုင်) ၀၇၆၂၃၉]	**(အထက်တန်းရှေ့နေ) (စဉ်-၃၅၉၄၈)**
	(LL.B,D.B.L,D.I.L,D.I.P.L,D.M.L,D.M.H.C,D.I.R,DAPsy)

အမှတ်(၅၂၄/D)၊ အဝေရာလမ်းသွယ်(၅)၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၄၂၀၁၈၆၃၈၈

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ အမှတ်- ၈၆၁ နေ ဦးအောင်ကျော်ကျော် (ဘ) ဦးကြင်မောင် [၁၂/အစန(နိုင်)၀၂၅၄၄၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇A၊ မြေကွက်အမှတ်-၅၃၊ ဒေါ်အေးညို အမည်ဖြင့် မှတ်သားတည်ရှိသော ဂရန်မြေအမျိုးအစား မြေကွက်၊ ဧရိယာ(၀.၁၁၆)ကေအနက်မှ မခွဲစိတ်ရသေးသည့် အကျယ်အဝန်း (အလျား ၄၀x အနံ ၇၀)ပေ အကျယ်ရှိ နံ့သာကုန်းရပ်ကွက်၊ ယခင်အခေါ် ဦးကျော်ဇေယျလမ်း ယခုအခေါ် နံ့သာကုန်းလမ်း၊ အမှတ်- ၁၅ ဟုခေါ်တွင်သော မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇A၊ မြေကွက်အမှတ်- ၅၃၊ **ဦးစံခွန်း [၁၂/အစန(နိုင်)၀၆၁၁၂၅]**အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်၊ ဧရိယာ (၀.၀၈၇)ကေအနက်မှ မခွဲစိတ်ရသေးသည့် အကျယ်အဝန်း (အလျား ၈၀x အနံ ၁၀)ပေ အကျယ်ရှိ နံ့သာကုန်းရပ်ကွက်၊ ယခင်အခေါ် ဦးကျော်ဇေယျလမ်း၊ ယခုအခေါ် နံ့သာကုန်းလမ်း၊ အမှတ်- ၁၅(A) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးစိုးနိုင်နှင့် ... ဦးထိန်ဝင်း [၁၂/အစန(နိုင်)၀၄၄၄၄၅]၊ ဒေါ်စီစီ(ခ) ဒေါ်စီစီလှလှ [၁၂/အစန(နိုင်)၀၆၁၁၆]၊ ဒေါ်နော်စီနဲ့ဒသနီး [၁၂/အစန(နိုင်)၀၂၂၄၄] တို့ထံမှ (၆-၁၀-၂၀၁၂)ရက်စွဲပါ 'နှစ်ဖက်သဘောတူ မြေကွက်အရောင်းအဝယ်စာချုပ်' အရ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်ကျော်မှ ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးအောင်ကျော်ကျော်	**ဒေါ်သိဂီစိုး**
[၁၂/အစန(နိုင်)	**(အထက်တန်းရှေ့နေ) (စဉ်-၃၅၉၄၈)**
၀၂၅၄၄၇]	**(LL.B,D.B.L,D.I.L,D.I.P.L,D.M.L,D.M.H.C,D.I.R,DAPsy)**

အမှတ်(၅၂၄/D)၊ အဝေရာလမ်းသွယ်(၅)၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၄၂၀၁၈၆၃၈၈

ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၅-၂၀၂၆ရက်နေ့ ကြေးမုံ သတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၉) ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၀)ဦးအောင်မျိုးနိုင်+၁၏အမည် ကြေးတွင်လွှဲပြောင်းကြောင်းသူအမည် ဦးအောင်မျိုးနိုင်+၁အစား ဦးအောင်မျိုးနိုင်+၁ဟုအမှန်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

